ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော်

ဒီဃဿယ

(စတုဏ္ဏအုပ်)



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ကော်ဇော ၁၃၃၉ နှိုဝင်ဘာလ ၁၉၇၇

ဟ-၇၆၇


ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

သဋာယတနဝဂ္ဂသံယုတ်ပါဠိတော်

နိဒါနသယ

(စတုတ္ထအုပ်)



မြန်မာနိုင်ငံ ဝုဒ္ဓသာသနာအမှဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၀ ကောဇာ ၁၃၂၀ ခရစ် ၁၉၆၆

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်—ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်တွင်
(ဆဋ္ဌသံဂါယနာတင် ဝန်ဆောင်သံဃအဖွဲ့က တည်းဖြတ်ပြီးသည့်အတိုင်း)
အတွင်းရေးမှူး(အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် **M.A., M.S., B.L.**
(ယာယီ မှတ်ပုံတင်အမှတ်—၀၀၉၄/၀၆၀၅) က ပုံနှိပ်ထုတ်ဝေသည်။

သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် နိဿယ

မျက်သားဖွယ်ရာ မာတိကာ

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁-သဋ္ဌာယတနသံယုတ်

၁-အနိစ္စဝဂ်

၁-အဇ္ဈတ္တာနိစ္စသုတ်

၁။ ဧဝံ မေ သုတံ စကျွံ့ အနိစ်ံ မနော အနိစ္စော-စသည်ကို အနက်ယောဇနာပုံ

၂။ စကျွစသော အဇ္ဈတ္တိကာယတန ခြောက်ပါးကို မမြဲ'အနိစ်' ဆင်းရဲ'ဒုက္ခ' အလိုမလိုက် အစိုးမရ'အနတ္တ'ဖြစ်၍ "ငါ၏ဥစ္စာမဟုတ် ငါမဟုတ် ငါ၏ အတ္တမဟုတ်"ဟု ဝိပဿနာရှုရန် ဟောတော်မူခြင်း ၁

၃။ ဝိပဿနာရှုသော သုတရှိသူ အရိယသာဝက၏ စကျွစသည်၌ နိဗ္ဗိန္ဒဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံကို ဟောတော်မူခြင်း ၂

၄။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ နိဗ္ဗိဒါဝိရဇ္ဇတိ-ပါဠိအမျိုးမျိုးရှိရာ အနက်ယောဇနာပုံနှင့် သဒ္ဒ ဝိနိစ္ဆယ ၂

၂-အဇ္ဈတ္တဒုက္ခသုတ်

၃-အဇ္ဈတ္တာနတ္တသုတ်

၅။ စကျွစသည်ကို ဒုက္ခ အနတ္တဖြစ်၍ ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ် ငါ၏အတ္တ မဟုတ် ဟု ဝိပဿနာရှုရန် ဟောတော်မူခြင်း ၂

၄-ဗာဟိရာနိစ္စသုတ်

၆။ ရူပါရုံစသော အာရုံ (ခြောက်ပါး) ဗာဟိရာယတနတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဖြစ်၍ ငါ၏ဥစ္စာမဟုတ် စသည်ဖြင့် ဝိပဿနာရှုသဖြင့် နိဗ္ဗိန္ဒဉာဏ် မဂ်ဖိုလ်ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံကို ဟောတော်မူခြင်း ၃

၅-ဗာဟိရဒုက္ခသုတ်

၆-ဗာဟိရာနတ္တသုတ်

၇။ ရူပါရုံစသည်ကို ဒုက္ခ အနတ္တဖြစ်၍ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ ဝိပဿနာရှုပုံကို ဟောတော်မူခြင်း ၃

၇-အဇ္ဈတ္တာနိစ္စာတ်တာနာဂတသုတ်

၈။ "အတိတ် အနာဂတ် စက္ခုစသည်သည် အနိစ္စဖြစ်၍ ပစ္စုပ္ပန်စက္ခု စသည်၏ အနိစ္စအဖြစ်၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း"ဟု သိမြင်သော သုတဝါ အရိယသာဝကသည် အတိတ်စက္ခု စသည်၌ ငဲ့ကွက်မှုမရှိ၊ အနာဂတ်စက္ခု စသည်ကို မနှစ်သက်၊ ပစ္စုပ္ပန်စက္ခု စသည်ကို ငြီးငွေ့ခြင်းငှါ တပ်ခြင်း ကင်းခြင်းငှါ ချုပ်ပျောက်ခြင်းငှါ ကျင့်သည်မည်ပုံကို ဟောတော်မူခြင်း ၃

၈-အဇ္ဈတ္တဒုက္ခာတီတာနာဂတသုတ်

၉-အဇ္ဈတ္တာနတ္တာတီတာနာဂတသုတ်

၉။ အတိတ် အနာဂတ် ပစ္စုပ္ပန် စက္ခု စသည်၏ ဒုက္ခ အနတ္တအဖြစ်ကို သိသော သုတဝါ အရိယသာဝကသည် အတိတ်စက္ခုစသည်၌ မငဲ့ကွက်၊ အနာဂတ် စက္ခုစသည်ကို မတောင့်တ မနှစ်သက်၊ ပစ္စုပ္ပန်စက္ခုစသည်ကို ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ ချုပ်ပျောက်ခြင်းငှါ ကျင့်သည်မည်ပုံကို ဟောတော်မူခြင်း ၃

၁၀-ဗာဟိရာနိစ္စာတီတာနာဂတသုတ်

၁၁-ဗာဟိရဒုက္ခာတီတာနာဂတသုတ်

၁၂-ဗာဟိရာနတ္တာတီတာနာဂတသုတ်

၁၀။ အတိတ် အနာဂတ် ရူပါရုံစသည်၏ အနိစ္စ ဒုက္ခ အနတ္တအဖြစ်ကို ရှုမြင်သော သုတရှိသူ အရိယသာဝကသည် အတိတ်ရူပါရုံ စသည်၌ မငဲ့ကွက်၊ အနာဂတ်ရူပါရုံ စသည်ကို မနှစ်သက် မမြော်လင့် ပစ္စုပ္ပန်ရူပါရုံ စသည်၌ ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ ချုပ်ပျောက်ခြင်းငှါ ကျင့်သည် မည်ပုံကို ဟောတော်မူခြင်း ၄

၂-ယမကဝဂ်

၁-ပဌမပုဗ္ဗေသမ္မောဓသုတ်

၁၁။ "သစ္စာလေးပါးကို ထိုးထွင်း၍ မသိသေးသော ဘုရားလောင်းဖြစ်စဉ် စက္ခု စသော အဇ္ဈတ္တိကာယတနတို့၏ သာယာဖွယ်အာသာဒ အပြစ်အာဒီနဝ ထွက်မြောက်ရာ နိဿရဏကား အဘယ်နည်း"ဟု အကြံဖြစ်ပုံကို ဟော တော်မူခြင်း ၂

၁၂။ စက္ခုစသည်ကိုစွဲ၍ဖြစ်သော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် 'အာသာဒ' မမြဲ ဆင်းရဲဖောက်ပြန်ခြင်းသည် 'အာဒီနဝ' စက္ခုစသည်၌ ဆန္ဒရာဂကို

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ပယ်ဖျောက်ခြင်းသည် 'နိဿရဏ'ဟု အဋ္ဌတ္တိကာယတန်တို့၏ သာယာဖွယ် အပြစ် ထွက်မြောက်ရာတို့ကို ဟောတော်မူ၍ ထို 'အဿာဒ' စသည်ကို ဟုတ်တိုင်းမှန်စွာ မသိပဲ "သမ္မာသမ္မဒ္ဒဘုရား" ဟု ဝန်မခံခဲ့ပုံ၊ သိမှ "သမ္မာသမ္မဒ္ဒဘုရား" ဟု ဝန်ခံခဲ့ပုံကို ဟောတော်မူခြင်း ၅

၂-ဒုတိယပုဗ္ဗေသမ္မောဓသုတ်

၁၃။ ရူပါရုံစသော ဗာဟိရာယတန်တို့၏ သာယာဖွယ် အပြစ် ထွက်မြောက်ရာတို့ကို ဟောတော်မူ၍ ထိုသာယာဖွယ်စသည်ကို မသိပဲ "ဘုရား" ဟု ဝန်မခံ၊ သိမှ "ဘုရား" ဟု ဝန်ခံခဲ့ပုံကို ဟောတော်မူခြင်း ၆

၃-ပဌမအဿာဒပရိယေသနသုတ်

၄-ဒုတိယအဿာဒပရိယေသနသုတ်

၁၄။ စက္ခုစသော အဋ္ဌတ္တိကာယတန ရူပါရုံ စသော ဗာဟိရာယတန်တို့၏ သာယာဖွယ် 'အဿာဒ' အပြစ် 'အာဒီနဝ' ထွက်မြောက်ရာ 'နိဿရဏ' တို့ကို ရှာမှီးခဲ့၍ ဝိပဿနာမဂ်ပညာတို့ဖြင့် ကောင်းစွာသိမြင်ပုံကို ဟောတော်မူခြင်း ၆-၇

၅-ပဌမနောစေအဿာဒသုတ်

၆-ဒုတိယနောစေအဿာဒသုတ်

၁၅။ စက္ခု စသော အဋ္ဌတ္တိကာယတန ရူပါရုံ စသော ဗာဟိရာယတန်တို့၌ သာယာဖွယ် 'အဿာဒ'ရှိ၍ ထိုအာယတန်တို့ကို သတ္တဝါတို့ ပြင်းစွာ တပ်မက်ပုံ၊ အပြစ် 'အာဒီနဝ'ရှိသောကြောင့် ငြီးငွေ့ပုံ ထွက်မြောက်ရာ ရှိသောကြောင့် ထွက်မြောက်ပုံကို ဟောတော်မူခြင်း ၇-ဂ

၇-ပဌမဘိန္နသုတ်

၈-ဒုတိယဘိန္နသုတ်

၁၆။ အဋ္ဌတ္တိက ဗာဟိရ အာယတန်တို့ကို နှစ်သက်သူသည်၊ ဆင်းရဲဒုက္ခကို နှစ်သက်သူသည် ဆင်းရဲဒုက္ခမှ မလွတ်ပုံ ....

အာယတန်တို့ကို မနှစ်သက်သူသည် ဆင်းရဲဒုက္ခကို မနှစ်သက်သူမည်၍ ဆင်းရဲဒုက္ခကိုမနှစ်သက်သူသည် ဆင်းရဲဒုက္ခမှ လွတ်၏ဟု ဟောတော်မူခြင်း ၈-ဃ

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

၉-ပဌမဒုက္ခုပ္ပါဒသုတ်

၁၀-ဒုတိယဒုက္ခုပ္ပါဒသုတ်

၁၇။ အဇ္ဈတ္တိက ဗာဟိရ အာယတနတို့၏ ဖြစ်ခြင်း တည်ခြင်း ထင်ရှားဖြစ်ပေါ်ခြင်းသည် ဒုက္ခ၏ ဖြစ်ခြင်း ရောဂါတို့၏ တည်ခြင်း ဇရာ,မရဏ၏ ထင်ရှားဖြစ်ပေါ်ခြင်းမည်၍ ထိုအာယတနတို့၏ ချုပ်ခြင်း ငြိမ်းခြင်း ကွယ်ပျောက်ခြင်းသည် ဒုက္ခ၏ ချုပ်ခြင်း ရောဂါတို့၏ ငြိမ်းခြင်း ဇရာ, မရဏ၏ ကွယ်ပျောက်ခြင်းမည်ပုံကို ဟောတော်မူခြင်း ၉

၃-သဗ္ဗဝဂ်

၁-သဗ္ဗသုတ်

၁၈။ အလုံးစုံသော အာယတန 'သဗ္ဗအာယတန' ကို ဟောတော်မူ၍ သဗ္ဗ-အရ လေးမျိုးနှင့် မန-အရ၊ ပစ္စက္ခယ-ပုဒ်တို့ကို ဌ-ဋ္ဌ တို့ဖြင့် ဆုံးဖြတ်ခြင်း ၁၀

၂-ပဟာနသုတ်

၁၉။ စက္ခု ရူပါရုံ စက္ခုဝိညာဏ် စက္ခုသမ္ဖဿ စက္ခုသမ္ဖဿဇာဝေဒနာ သောတ သဒ္ဒါရုံ သောတဝိညာဏ် သောတသမ္ဖဿ သောတသမ္ဖဿဇာဝေဒနာ စသည်ကို ပယ်ရန် ဟောတော်မူခြင်း ၁၁

၃-အဘိညာပရိညာပဟာနသုတ်

၂၀။ စက္ခု ရူပါရုံ စက္ခုဝိညာဏ် စက္ခုသမ္ဖဿ စက္ခုသမ္ဖဿဇာဝေဒနာ စသည်ကို ထူးသောဉာဏ်ဖြင့်သိ၍ ပိုင်းခြားသိ၍ ပယ်ရန် ဟောတော်မူခြင်း ၁၁

၄-ပဌမအပရိဇာနနသုတ်

၅-ဒုတိယအပရိဇာနနသုတ်

၂၁။ စက္ခု ရူပါရုံ စက္ခုဝိညာဏ် စက္ခုဖြင့်သိအပ်သောဝိညာဏ် ဓမ္မာရုံ စသည်ကို ထူးသောဉာဏ်ဖြင့် မသိသူ ပိုင်းခြား၍ မသိသူ တပ်ခြင်း မကင်းသူ မစွန့်သူသည် ဝဋ်ဆင်းရဲကုန်ခြင်းငှါ မထိုက်ပုံကို ဟောတော်မူခြင်း ၁၂

၆-အာဒိတ္တသုတ်

၂၂။ မြတ်စွာဘုရားသည် ဂယာသီသ၌ သီတင်းသုံးတော်မူစဉ် ရဟန်း တထောင် အား စက္ခုစသော တရားတို့၏ ရာဂ စသော မီးတို့ဖြင့် တောက်လောင်နေပုံကို ဟောတော်မူရာ ရဟန်းအားလုံး ရဟန္တာဖြစ်တော်မူကြပုံ ၁၃-၁၄

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၂-အဒ္ဓဘူတသုတ်

၂၃။ ဇာတိ, ဇရာ, မရဏ စသော တရားတို့ နှိပ်စက်ညှဉ်းပန်း လှုပ်မိုး ဖိစီးအပ်သော တရားတို့ကို ဟောတော်မူခြင်း ၁၄

အဒ္ဓဘူတံ ပုဒ်ကို ဌ-ဋ္ဌီ ဗျာကရဏ်းကျမ်းတို့ဖြင့် ဆုံးဖြတ်ပြခြင်း ၁၄

သမုဋ္ဌါတသာရုပ္ပစသော (၃) သုတ်

၂၄။ စက္ခုပသာဒ၊ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿဇာသုခ၊ ဒုက္ခ၊ ဥပေက္ခာ (၇) ဌာန (ဖဿတနည်းတူ) တို့၌ ဝိပဿနာ (၄) မျိုးစီဖြင့် ရူမှတ်သောပုဂ္ဂိုလ်အား တဏှာ မာန ဒိဋ္ဌိ မညနှတရားသုံးပါးကွာပြီးလျှင် အရဟတ္တဖိုလ်တိုင် ဆိုက်ရောက်နိုင်ပုံကို ဟောတော်မူခြင်း ၁၇

၄-ဇာတိဓမ္မဝဂ်

၁-၁၀-ဇာတိဓမ္မာဒိသုတ် (၁၀) သုတ်

၂၅။ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿဇာသုခ၊ ဒုက္ခ၊ ဥပေက္ခာ (၇)ဌာန (သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန တို့လည်းနည်းတူ)တို့၌ စက္ခုပသာဒ စသည်သည် (၁) ဖြစ်ပေါ်ခြင်းသဘောရှိ၏၊ (၂) ရင့်ရော်ခြင်းသဘောရှိ၏၊ (၃) နာခြင်းသဘောရှိ၏၊ (၄)သေခြင်းသဘောရှိ၏၊(၅) စိုးရိမ်ခြင်းသဘောရှိ၏၊(၆)ပူပန်စေတတ်နှိပ်စက်တတ်သော သဘောရှိ၏၊ (၇) ကုန်ခန်းခြင်းသဘောရှိ၏၊ (၈) ပျက်စီးခြင်းသဘောရှိ၏၊ (၉) ဖြစ်ခြင်းသဘောရှိ၏၊ (၁၀) ချုပ်ခြင်းသဘောရှိ၏ ဟု ဟောတော်မူခြင်း ၁၈

၅-သဗ္ဗအနိစ္စဝဂ်

၁-၁၀-အနိစ္စာဒိသုတ် (၁၀) သုတ်

၂၆။ စက္ခုပသာဒ၊ရူပါရုံ၊စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿဇာသုခ၊ ဒုက္ခ၊ ဥပေက္ခာ(၇)ဌာန (သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနတို့လည်းနည်းတူ) တို့၌-အနိစ္စ-ဒုက္ခ-အနတ္တအားဖြင့်ရင်း ထူးသောဉာဏ်ဖြင့် သိအပ် ပိုင်းခြားရ သိအပ် ပယ်အပ် မျက်မှောက်ပြုအပ် ထူးသောဉာဏ်ဖြင့် ပိုင်းခြားရ သိအပ် ကိလေသာတို့သည် နှိပ်စက်အပ် ညှဉ်းဆဲအပ်သောအားဖြင့်ရင်း ရှုမြင်သောသုတဝါအရိယသာဝကသည် ယင်း (၇) ဌာနတို့၌ ငြီးငွေ့၍ ရာဂစသည်မှ လွတ်မြောက်ပုံကို ဟောတော်မူခြင်း ၁၉-၂၀

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၆-အဝိဇ္ဇာဝဂ်

၁-၇-အဝိဇ္ဇာပဟာနာဒိသုတ် (၇) သုတ်

၂၇။ "အရှင်ဘုရား အဘယ်သို့ရှုမြင် သိမှတ်သောပုဂ္ဂိုလ်၏သန္တာန်၌ အဝိဇ္ဇာ ကင်းပြောက်၍ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ပါသနည်း"ဟု ရဟန်းတပါးကမေး လျှောက်သဖြင့် "ရဟန်း စက္ခုပသာဒ ရူပါရုံစသော (၇)ဌာန (သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနတို့လည်း နည်းတူ) တို့၌ အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် သိမြင်ရှုမှတ်သောပုဂ္ဂိုလ်၏ သန္တာန်၌ အဝိဇ္ဇာသံယောဇဉ် အာသဝ အနုသယတို့ကင်းပြောက်၍ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ပုံကို ဟောတော်မူခြင်း ၂၁-၂၂

၈-၉-၁၀-သဗ္ဗုပါဒါနပရိညာ (ပရိယာဒါန) စသော (၃) သုတ်

၂၈။ "စက္ခုပသာဒ ရူပါရုံတို့ကိုစွဲ၍ စက္ခုဝိညာဏ်စိတ်ဖြစ်၏၊ ယင်းသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့်(စိတ်နှင့်အာရုံတွေ့သွားခြင်းကြောင့်)ဖဿ ဖြစ်၏၊ ယင်းဖဿကြောင့် ခံစားမှုဝေဒနာဖြစ်၏"ဟု (သောတပသာဒ စသည် နည်းတူ) ရှုမြင်သော သုတဝါ အရိယသာဝကသည် "စက္ခုပသာဒစသည် တို့၌ ငြီးငွေ့ခြင်း နိဗ္ဗိန္ဒာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြစ်ပေါ်၍ အလုံးစုံသော ဥပါဒါန်တို့ကို ပိုင်းခြား၍ သိအပ်ပြီ၊ ဥပါဒါန်တို့ကို ကုန်စေအပ်ပြီ"ဟု သိဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်ပုံနှင့် ထိုစက္ခုပသာဒရူပါရုံ စသည်တို့ကို နိစ္စ အနိစ္စစသည် မေး၍ မမြဲ ဆင်းရဲ ဖောက်ပြန်တတ်သော တရားတို့ဖြစ်၍ ငါ၏ဥစ္စာ ငါ-ငါ၏ အတ္တဟု မရှုသင့်ပုံ၊ ထိုသို့တဏှာမာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမရှုမှတ်သူမှာ စက္ခုစသည်၌ ငြီးငွေ့ပုံ၊နိဗ္ဗိန္ဒာဏ် မဂ်ဖိုလ် ပစ္စဝေက္ခဏာဉာဏ်တို့ ဖြစ်ပေါ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၃-၂၄

---

(၇) ၂-မိဂဇာလဝဂ်

၁-ပဌမမိဂဇာလသုတ်

၂၉။ "မြတ်စွာဘုရား အဘယ်မျှလောက်ဖြင့် တယောက်တည်းနေလေ့ရှိသူမည်၍ အဘယ်မျှလောက်ဖြင့် အဖော်နှင့် နေလေ့ရှိသူ မည်ပါသနည်း"ဟူသော မိဂဇာလ ရဟန်းလျှောက်ထားတောင်းပန်ချက်ကို "အလိုရှိအပ် နှစ်သက်အပ်သော ရူပဿဒ္ဒ စသည်တို့၌ နှစ်သက်၍တည်သောပုဂ္ဂိုလ်အား တဏှာစသည်ဖြစ်ပေါ်လျှင် အဖော်နှင့်နေလေ့ရှိသူမည်၍ တဏှာစသည်မဖြစ်ပေါ်လျှင် တယောက်တည်းနေလေ့ရှိသူမည်ကြောင်း" မိဂဇာလရဟန်းအား ဘုရားရှင် ဟောတော်မူခြင်း ၂၆

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၂-ဒုတိယမိဂဇာလသုတ်

၃၀။ "မြတ်စွာဘုရား တပည့်တော်အား အကျဉ်းချုပ်အားဖြင့် တရားဟောတော်မူပါ၊ ထိုတရားတော်ကို နာခံမှတ်သား၍ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ဖြင့် နေလိုပါ၏"ဟု မိဂဇာလရဟန်း၏ တောင်းပန်လျှောက်ထားခြင်းကို—

"မိဂဇာလ ရှုပ သဒ္ဒစသည်၌ နှစ်သက်တွယ်တာ သာယာမှုရှိသူအား ထိုနှစ်သက်မှုကြောင့် ဆင်းရဲခြင်းဖြစ်ရ၏၊ ထိုရှုပ သဒ္ဒစသည်၌ နှစ်သက်တွယ်တာ သာယာမှုကင်းခြင်းကြောင့် ဆင်းရဲခြင်း ဒုက္ခချုပ်ငြိမ်း၍ နိဗ္ဗာန်ကို မျက်မှောင်ပြုနိုင်သည်"ဟု ဘုရားရှင်က ဟောတော်မူခြင်း ၂၇

၃-၄-၅-ဖ-သမိဒ္ဓိပဉ္ဉာသုတ် ၄-သုတ်

၃၁။ "သေခြင်းသည်ရင်း သေခြင်းဟူသော အမည်ပညတ်သည်ရင်း သတ္တဝါနှင့် သတ္တဝါဟူသော အမည်ပညတ်သည်ရင်း အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့် ဖြစ်ရပါသနည်း"ဟူသော ရှင်သမိဒ္ဓိ၏အမေးကို—

"အကြင်အရပ်၌ မျက်စိအကြည်၊ အဆင်း မျက်စိသိစိတ် စသည်ရှိ၏၊ ထိုအရပ်၌ သေခြင်းနှင့်သေခြင်းဟူသော အမည်ပညတ် သတ္တဝါနှင့်သတ္တဝါဟူသော အမည်ပညတ်များ ရှိကြ၍ ထိုမျက်စိအကြည် စသည်မရှိက သေခြင်းနှင့် သေခြင်းဟူသော အမည်ပညတ် သတ္တဝါနှင့်သတ္တဝါဟူသော အမည်ပညတ်များ မရှိ"ဟု ဘုရားရှင်က ဟောတော်မူခြင်း ၂၈-၉

(ဒုက္ခနှင့်လောက ပြဿနာများလည်း နည်းတူ)

၇-ဥပသေနအာသီဝိသသုတ်

၃၂။ စက္ခု သောတစသည်တို့၌ ငါ-ငါ၏ဥစ္စာဟု စွဲလမ်းမှုမရှိသောသူအား ပြင်းထန်လျင်မြန်သော မြွေဆိပ်စသည်တို့ဖြင့် ထိခိုက်ကျရောက်၍ သေစေကာမူ ကိုယ်၏ဂုဏ်း စက္ခုစသော ဣန္ဒြေတို့၏ဂုဏ်း ဖောက်ပြန်မှုမဖြစ်ပုံကို ရှင်သာရိပုတ္တရာနှင့် ရှင်ဥပသေနတို့ အပြန်အလှန်ပြောဆိုကြပုံကို ပြခြင်း ၂၉

၈-ဥပဝါဏသန္ဒိဋ္ဌိကသုတ်

၃၃။ "မြတ်စွာဘုရား တရားတော်ကို ကိုယ်တိုင်ရှုအပ် ကိုယ်တိုင်ရှုအပ်၏"ဟု ဟောတော်မူ၏၊ အဘယ်မျှလောက်ဖြင့် "တရားတော်၏ ကိုယ်တိုင်ရှုအပ်သော သန္ဒိဋ္ဌိကစသော ဂုဏ်တော် ၅-ပါးဖြစ်နိုင်ပါသနည်း"ဟူသော အရှင်ဥပဝါဏ၏ လျှောက်ထားချက်အရ သန္ဒိဋ္ဌိကစသည်ဖြစ်ပုံကို ဟောကြားဖြေဆိုတော်မူခြင်း(ဤသုတ်၌ တရားဂုဏ်တော် ၅-ပါးဟော၏).... .... ၃၁

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၉-၁၀-၁၁-ဆဖဿာယတန(၃)သုတ်

၃၄။ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနဟူသော တွေ့ထိမှု(ဖဿ)၏တည်ရာ ခြောက်ပါးတို့၏ ဖြစ်ခြင်း ချုပ်ခြင်းကိုငဲ့း သာယာဖွယ်ကိုငဲ့း အပြစ်ကိုငဲ့း ထွက်မြောက်ရာကိုငဲ့း ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့် မသိသေးသော ရဟန်းသည် သာသနာတော်၌ အကျင့်မြတ်ကို မကျင့်ရသေး၊ ဓမ္မဝိနယမှ ဝေးသေး၏ ....

ထိုစက္ခုစသော ဖဿ၏တည်ရာ ခြောက်မျိုးတို့ကို ငါ ငါ၏ဥစ္စာ ငါ၏ အတ္တမဟုတ်ဟူ၍ ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့် သိမြင်သော ရဟန်း၏ ထိုသိမြင်မှုသည်ပင် ဆင်းရဲ၏ ကုန်ဆုံးရာ နိဗ္ဗာန်မည်ပုံ ....

ထိုစက္ခုစသော ဖဿ၏တည်ရာ ခြောက်ပါးကို အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် သိမြင်၍ ထိုစက္ခုစသည်၌ ငြီးငွေ့သော် ရာဂကင်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပုံကို ဟောတော်မူခြင်း.... .... ၃၂-၃

---

(၈) ၃-ဂိလာနဝဂ်

၁-၂-ဂိလာနသုတ် (၂)သုတ်

၃၅။ ဘုရားရှင်သည် ဂိလာနရဟန်းထံ ကြွတော်မူရာ ဂိလာနရဟန်း၏ နေရာမှ ထ၍ အရိုအသေပြုမည့် အမူအရာကို မြင်တော်မူ၍ "လှူပ်ရှားမှုစသည်ကို မပြုလင့် သင့်တော်ရာနေရာ၌ ထိုင်တော်မူမည်"ဟု မိန့်တော်မူပုံ ....

ဘုရားရှင်သည် ဂိလာန၏ ရောဂါဝေဒနာ အခြေအနေကို မေးမြန်းပြီးနောက် "သင့်အား တစုံတခုသော ကုက္ကုစ္စ ဝိပ္ပဋိသာရရှိသလော"ဟု မေးတော်မူပြန်ရာ၊ "တပည့်တော်အား ကုက္ကုစ္စဝိပ္ပဋိသာရ များစွာရှိပါ၏" ဟု လျှောက်ထားသဖြင့် မိမိ၏သီလကို စုံပ်စုံမှုရှိ မရှိ မေးတော်မူပြန်ရာ မရှိပါကြောင်း လျှောက်ထားပြီးလျှင် "မြတ်စွာဘုရားသည် သီလစဉ်ကြယ်ခြင်းအကျိုးငှါသာ တရားတော်ကို ဟောတော်မူ၏"ဟု မသိနားမလည်ပါ၊ "ရာဂကင်းခြင်းအကျိုးငှါ နောင်တဖန်မဖြစ်ခြင်းဟု ဆိုအပ်သော အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ ဟောတော်မူ၏"ဟု တပည့်တော်သိနားလည်ပါသည် ဟု လျှောက်ထားသော စကားကို သာဓုခေါ်တော်မူ၍ ....

စက္ခုစသည်တို့၌ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုမြင်သော ရဟန်းသည် ထိုစက္ခုစသည်၌ ငြီးငွေ့၍ ရာဂကင်းရာနိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြောင်း ဟောတော်မူခြင်း ၁၃-၁၅

၃-၄-၅-ရာဓသုတ် (၃) သုတ်

၃၆။ "မြတ်စွာဘုရား အကျဉ်းအားဖြင့် တရားတော်ကို ဟောတော်မူပါ တရားတော်ကို နာကြား၍ တယောက်ထည်းတည်း နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ဖြင့် နေလိုပါ၏"ဟု အရှင်ရာဓ၏ လျှောက်ထားမှုကို—

"ရာဓ စက္ခု ရှုပါရုံ စက္ခုဝိညာဏ် စက္ခုသမ္ဖဿ စက္ခုသမ္ဖဿဇာသုခ ဒုက္ခ ဉပေက္ခာ ခုနစ်ဌာနတို့၌ (သောတစသည် နည်းတူ) အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ရှု၍ အနိစ္စ ဒုက္ခ အနတ္တသာဖြစ်သော သဘောတရားတို့၌ တပ်နှစ်သက်မှု ရာဂကို ပယ်ရမည်"ဟု ဟောတော်မူခြင်း ၃၆

၆-ပဌမအဝိဇ္ဇာပဟာနသုတ်

၃၇။ "မြတ်စွာဘုရား အကြင်တရားသဘောကို ပယ်ခြင်းကြောင့် အဝိဇ္ဇာပယ် ဖျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်နိုင်၏၊ ထိုတခုသော တရားရှိပါသလော၊ ရှိလျှင် ထိုတရားကား အဘယ်ပါနည်း၊အဘယ်သို့ သိမြင်သူသည် အဝိဇ္ဇာ ပယ်ဖျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်နိုင်ပါသနည်း"ဟူသော ရဟန်းတပါး၏ အမေးကို— ....

"ရဟန်း ရှိ၏၊ ထိုတရားကား အဝိဇ္ဇာပင်တည်း၊ စက္ခုပသာဒ စက္ခု ဝိညာဏ်စသော ခုနစ်ဌာနတို့၌ အနိစ္စစသည်ဖြင့် သိမြင်သော ရဟန်းသည် အဝိဇ္ဇာပယ်ဖျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်နိုင်သည်"ဟု ဘုရားရှင်က ဟောတော်မူခြင်း ၃၇

၇-ဒုတိယအဝိဇ္ဇာပဟာနသုတ်

၃၈။ (ရဟန်း မေးလျှောက်ပုံ အထက်သုတ်အတိုင်းပင် ရှု) ....

ရဟန်း ဤသာသနာတော်၌ ရဟန်းအား ဘေဘုမကသစ်ရိတရား အားလုံးတို့ကို အမှားဟု နှလုံးသွင်းရန် မသင့်ဟု ကြားဘူး၏၊ထူးသော ဉာဏ်ဖြင့် သိ၏၊ ပိုင်းခြား၍ သိ၏၊ သစ်ရိနိမိတ်အားလုံးတို့ကို အတ္တမှ တပါး အနတ္တအားဖြင့် သိမြင်၏၊ စက္ခုပသာဒစသော ခုနစ်ဌာနတို့၌ အတ္တမှတပါး အနတ္တအားဖြင့် သိမြင်၏၊ ထိုသို့ သိမြင်သော ရဟန်းသည် အဝိဇ္ဇာပယ်ဖျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်နိုင်ကြောင်း ဟောတော်မူခြင်း ၃၈

၈-သမ္မဟုလဘိက္ခုသုတ်

၃၉။ အခါတပါး၌ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားရှင် ထံတော်သို့ ချဉ်းကပ်ကြကုန်၏ "မြတ်စွာဘုရား သာသနာတော်မှ အပဖြစ်သော ပရိဗိုဇ်ရဟန်းတို့က တပည့်တော်တို့အား 'ငါ့ရှင်တို့ သင်တို့သည် ရဟန်း ဂေါတမ၏ ထံ၌ အဘယ်အကျိုးငှါ မြတ်သော အကျင့်ကို ကျင့်ကြကုန်

သနည်း'ဟု မေးခဲ့သော် ငါတို့သည် 'ဆင်းရဲ(ဒုက္ခ)ကို ပိုင်းခြား၍ သိခြင်း အကျိုးငှါ ကျင့်ကြကုန်၏'ဟု ဖြေဆိုပါအံ့၊ ထိုအဖြေစကားသည် ဘုရားရှင် ဟောတော်မူသော ဝါဒတော်နှင့် တသားတည်း မှန်ကန်တိကျ၍ အပြစ် ကင်းသော စကားဖြစ်ပါ၏လော"ဟု လျှောက်ထားကြရာ ဘုရားရှင်က မှန်ကန်ကြောင်း ထိုထက်တဆင့်တက်၍ "ဆင်းရဲဟူသည် အဘယ်နည်း" ဟု မေးခဲ့သော် "မျက်စိစသည်သည် ဆင်းရဲတည်း၊ ထိုဆင်းရဲကို ပိုင်းခြား၍ သိခြင်းငှါ ကျင့်ကြကုန်၏ ဖြေကြားကြလေ"ဟု ဟောတော်မူခြင်း ၃၈

၉-လောကပဉ္ဉာသုတ်

၄၀။ "အရှင်ဘုရား လောက လောကဟူ၍ ပြောဆိုကြပါသည် အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့် လောက"ဟု ဆိုအပ်ပါသနည်း ဟု ရဟန်းတပါးက လျှောက်ထားရာ——

"ရဟန်း ပျက်စီးတတ်သော သဘောကြောင့် လောက ဟု ဆိုအပ်၏၊ ထိုပျက်စီးတတ်သော သဘောကား စက္ခုပသာဒ ရူပါရုံစသည်ပင်တည်း" ဟု ဝေဖန်၍ ဟောတော်မူခြင်း ၃၉

၁၀-ဖဂ္ဂုနပဉ္ဉာသုတ်

၄၁။ "အရှင်ဘုရား(ကိလေသ ကမ္မ ဝိပါက)ဝဋ်ဆုံးပါးကို ဖြတ်တောက်၍ အလုံးစုံသော ဝဋ်ဆင်းရဲတို့မှ လွန်မြောက်တော်မူကုန်ပြီးသော ပရိနိဗ္ဗာန် စံလွန်တော်မူပြီးကုန်သော ဘုရားရှင်တို့၏ စက္ခုပသာဒစသည်ဖြင့်(ဘုရားဟူ၍) ပညတ်ရာ၏၊ ထိုသို့ ပညတ်ခြင်းငှါထိုက်သော စက္ခုပသာဒစသည် ရှိပါသလော"ဟူသော ဖဂ္ဂုနရဟန်း၏ အမေးကို "ထိုသို့သော စက္ခုပသာဒ စသည် မရှိ"ဟု ဘုရားရှင်က ဖြေတော်မူခြင်း ၄၀

---

(၉) ၄-ဆန္ဒဝဂ်

၁-ပလောကဓမ္မသုတ်

ပလောကဓမ္မသုတ်သည် လောကပဉ္ဉာသုတ်နှင့် တူ၏.... ....

၂-သုညတလောကသုတ်

၄၂။ အာနန္ဒာ"မျက်စိသည်(စက္ခုပသာဒ စသော ခုနစ်ဌာနသည်)(ငါသူတပါးယောကျ်ား မိမ္မ ဟု ဆိုအပ်သော) အတ္တမှဌင်း(ကိုယ်အင်္ဂါအစိတ်အပိုင်းသပိတ် သင်္ကန်း စသော) အတ္တနိယမှဌင်း (ဆိတ်) သုဉ်း၏၊ အချည်းနှီးဖြစ်၏၊ ထိုသို့ ဖြစ်ခြင်းကြောင့် လောကသည်(ဆိုတ်)သုဉ်း၏ အချည်းနှီးဖြင်၏"ဟု ရှင်အာနန္ဒာ၏ အမေးကို ဖြေတော်မူခြင်း ၄၄

၃-သံဓိတ္တဓမ္မသုတ်

ဂင်းသုတ်သည် စာမျက်နှာ(၃၀)မိဂဇာလသုတ်(၃) ရာဓ သုံတ်တို့နှင့်တူ၏။။

၄-ဆန္နသုတ်

၄၃။ ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးတော်မူကြစဉ် အရှင်သာရိပုတ္တရာနှင့် အရှင်စုန္ဒတို့ ဂိလာနဖြစ်သော အရှင်ဆန္နထံ သွားရောက်၍ လူမမာ မေးကြရာ "ဝေဒနာ မသက်သာ သောကြောင့် ခားလက်နက်ဖြင့် သေတော့မည်၊ အသက်ရှင်၍ မနေလိုတော့ပြီ"ဟု ဆိုသော ရှင်ဆန္နအား ရှင်သာရိပုတ္တရာက တောင်းပန်တားမြစ်ပုံ၊ ဆေးဝါး ဓာတ်စာနှင့် သူနာပြုများ မရှိလျှင် ရှိအောင်ရှာကြံပေး၍ ကိုယ်တိုင်လည်း လုပ်ကျေးမည် ဖြစ်ကြောင်း ပြော သောအခါ အရှင်ဆန္နက "မရှိ၍မဟုတ်ပါ၊သို့ရာတွင် ဘုရားရှင်၏ သဘော တော်ကျ(ရဟန္တာဖြစ်သည်အထိ ကျင့်ကြံသော အားဖြင့်) ဘုရားရှင်ကို လုပ်ကျေးခဲ့ပြီးပါပြီ၊ တပည့်တော်အား နောက်ထပ် ဘဝသစ်မရှိပြီဟု ယူဆတော်မူပါ"စသည်ဖြင့် ရဟန္တာဖြစ်ပြီးထင်မှတ်၍ လျှောက်ထားပုံ

ရှင်သာရိပုတ္တရာက "ငါ့ရှင် ခွင့်ပေးလျှင် အနည်းငယ် မေးပါရစေ" ဟု ဆိုကာ စက္ခုစသည်၌ ရှုမှတ်နည်းတို့ကို စစ်ဆေး မေးမြန်း ပြီးနောက် အရှင်စုန္ဒက တဏှာဒိဋ္ဌိမပြုတ်သေးလျှင် တုန်လှုပ်မှု ရှိသည်စသော ဘုရား ရှင်၏ သြဝါဒကို ညွှန်ပြကာ ၎င်းကို နှလုံးသွင်း၍ နေရန်တိုက်တွန်းပြီး ပြန်ကြွတော်မူကြပုံ ....

ရှင်သာရိပုတ္တရာသည် အရှင်ဆန္နဏ၏(လူမမာ မေးစဉ်က) အပြောအဆို (ဆွေမျိုးဒကာ ဒကာမတို့၌ ခင်မင်တွယ်တာမှု) အနေအထိုင် (ခားဖြင့် မိမိကိုယ်ကိုလည်း လှီး၍ ပုံ့လွှန်ရခြင်း) အပြုအမူတို့ကို ထောက်ဆ၍ ရဟန္တာဖြစ်ပြီဟု ဝန်ခံ၍သွားသော အရှင်ဆန္နဏ၏ လားရာဂတိကို(သံသယ ရှိစွာဖြင့်)ဘုရားရှင်အား လျှောက်ထားရာ (သမသီသီ) ရဟန္တာအမှန် ပင်ဖြစ်ကြောင်း မိန့်တော်မူခြင်း ၄၂

၅-ပုဏ္ဏသုတ်

၄၄။ "ဆိတ်ငြိမ်ရာ၌ တပါးတည်းနေ၍ အားထုတ်ရန် တရားအကျဉ်းချုပ်ကို ဟောတော်မူပါ"ဟု အရှင်ပုဏ္ဏ၏ လျှောက်ထားချက်အရ ဒုဂါရခြောက်ပါး၌ သစ္စာနှစ်ပါးတတ်၍ ဟောတော်မူသောအဆုံး၌ အရှင်ပုဏ္ဏက သုနာပရန္တ ဇနပုဒ်သို့ သွားရောက်နေထိုင်မည့်အကြောင်း လျှောက်ထားရာ ထိုဇနပုဒ် သားတို့သည်ကိုယ်ကြမ်း နှုတ်ကြမ်းတွေဖြစ်ကြ၍သင့်အား ဆဲရေးကြလျှင် မည်သို့ရှိမည်နည်း စသည်ဖြင့် တွေ့ကြုံနိုင်မည့်ဘေးရန် ခုနစ်မျိုးတို့ကိုပြ၍ မေးတော်မူသည်ကို အရှင်ပုဏ္ဏက သူ၏သဘောထားဖြေဆိုပုံ၊ သုနာပရန္တ

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ဇနပုဒ်သို့ကြွ၍ တရားအားထုတ်နိုင်ရာ ထိုဝါတွင်းမှာပင် ဝိဇ္ဇာသုံးပါးရ၍ ရဟန္တာဖြစ်ပုံ (ဥပါသကာငါးရာ ဥပါသိကာမ ငါးရာတို့ သရဏဂုဏ်တည် ကြပုံ) ပရိနိဗ္ဗာန် ပြုတော်မူပုံတို့ကိုပြဆိုခြင်း ....

၆-ဗာဟိယသုတ်

(စာအမှတ်(၃၀)ဒုတိယမိဂဇာယသုတ်(၃)ရာဓသုတ်)တို့နှင့်တူ၏

၇-ဂ-ဧဇာသုတ်-၂ သုတ်

၄၅။ ရဟန်းတို့ တပ်နှစ်သက်မှု တဏှာသည် ရောဂါ အိုင်းအနာ ငြောင့်တံသင်း နှင့်တူ၏၊ ငါဘုရားသည် တဏှာမရှိရကား ငြောင့်တံသင်းကင်း၍နေနိုင်၏၊ ဤသာသနာတော်၌ ရဟန်းသည် ငါဘုရားကဲ့သို့ နေလိုမူ (စက္ခုပသာဒ စသောခုနစ်ဌာနစီ)တို့၌ ငါငါ၏ဥစ္စာဟု အထင်မမှားရာ ဟုဟောတော်မူပုံ

အကြင်မျက်စိစသည်ကို ငါ ငါ၏ ဥစ္စာဟု အထင်မှား၏၊ ထိုသို့ အထင် မှားမှုကြောင့် အထင်မှားခံရသောမျက်စိစသည်သည် ထင်မြင်ယူဆချက်မှ တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ တမျိုးတဖုံ ပြောင်းလဲ ဖောက်ပြန်၍ ဖြစ်လေ့ ရှိသော ဘဝကို နှစ်သက်တတ်သော သတ္တဝါသည်ကား ဘဝကိုသာလျှင် နှစ်သက်၏ ....

ရဟန်းတို့ ခန္ဓာ အာယတနဓာတ် ရှိသမျှကို ငါ ငါ၏ဥစ္စာဟု အထင် မမှားရာ အထင်မမှားသော ရဟန်းသည် လောက၌ ဘယ်အရာကိုမျှ မစွဲ လမ်း မစွဲလမ်းသော် မတောင့်တ မတောင့်တသော် ယခုဘဝမှာပင် ငြိမ်း အေး၏ဟု ဟောတော်မူခြင်း ၅၁

၉-၁၀-ဒုယသုတ်-၂ သုတ်

၄၆။ "မျက်စိနှင့်အဆင်း နားနှင့်အသံစသည်ဖြင့် အတွင်းအာယတန ခြောက်ပါး နှင့် အပြင်အာယတန် ခြောက်ပါးကို အစုံအစုံပြု၍ ဟောတော်မူပြီးလျှင် ယင်းခြောက်စုံမှတပါး တမျိုးတဖုံ ခြောက်စုံကို တပါးသောသူကပြော လာငြားအံ့၊ စကားဖြစ်ရုံမျှသာတည်း၊ ပြည့်စုံစွာမဖြေဆိုနိုင်ရာ"ဟု ဘုရား ရှင် ဟောတော်မူပုံ ....

နှစ်ခု နှစ်ခုသောအစုံတို့ကိုစွဲ၍ ဝိညာဏ်အသီးသီးဖြစ်ပေါ်ကြပုံ၊ ထိုသို့ ဖြစ်ပေါ်ရာ၌ မျက်စိ ရူပါရုံစက္ခုဝိညာဏ်စိတ်စသည်တို့၏ အမြဲမရှိ ဖောက် ပြန် ပျက်စီးပုံ၊ တုန်လှုပ်တတ်ပုံ တမျိုးတဖုံဖြစ်လေ့ရှိပုံတို့ကို ဝေဖန်၍ ဘုရားရှင် ဟောတော်မူခြင်း ၅၃

(၁၀)၅-သင္ဃဝဂ်

၁-အဒန္တအဂုတ္တသုတ်

၄၇။ "စက္ခု သောတစသော ခြောက်ပါးသော တွေ့ထိမှု ဖဿ၏ တည်ရာတရား တို့၌ လုံခြုံအောင် စောင့်ရှောက်ပိတ်ဆို့ဆုံးမခြင်း မရှိသူသည် လွန်ကဲသော ဆင်းရဲခြင်းသို့ ရောက်တတ်ပုံနှင့် ထိုခြောက်ပါးသော တွေ့ထိမှု ဖဿ၏ တည်ရာတရားတို့၌ လုံခြုံအောင် စောင့်ရှောက်ပိတ်ဆို့ဆုံးမနိုင်သူသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံ စသည်တို့နှင့် တွေ့ကြုံရာ၌ ရာဂ ဒေါသ စသည်မဖြစ်၊ ထိုဣဋ္ဌာရုံ အနိဋ္ဌာရုံတို့ကြောင့် ဖောက်ပြန်တုန်လှုပ်မှုမရှိမူ၍ ပဋိသန္ဓေနခြင်း သေခြင်းတို့၏ ကုန်ရာနိဗ္ဗာန်ချမ်းသာကိုရအောင် အားထုတ်ကြလေ"ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၅

၂-မာလုက္ကျပုတ္တသုတ်

၄၈။ "ဆိတ်ငြိမ်ရာအရပ်မှာ တပါးတည်း တရားအားထုတ်နေလိုပါသည်၊ အကျဉ်းချုပ်အားဖြင့်တရားဟောတော်မူပါ"ဟု တောင်းပန်သော(မာလုက္ကျပုတ္တ)ကို "အရွယ်လွန် အသက်ကြီး၍ သေခါနီး ရောက်ခါမှ အကျဉ်းချုပ် အဆုံးအမကို တောင်းဘိ၏၊ ငယ်ရွယ်သော ရဟန်းတို့ကို အဘယ်သို့ ဆိုအံ့နည်း" ဟု ဘုရားရှင်က မိန့်တော်မူရာ "မြတ်စွာဘုရား ဟောသာဟောတော်မူပါ၊ တပည့်တော်သည် တရားတော်၏ အနက်အဓိပ္ပါယ်ကို အကျယ်ဝေဖန်၍ သိတန်ကောင်းရာပါ၏၊ တရားတော်၏ အမွေခံဖြစ်တန်ကောင်းရာပါ၏"ဟု မာလုက္ကျပုတ္တက တောင်းပန်လျှောက်ထားသဖြင့် ဟောကြားတော်မူသည်မှာ ....

"မာလုက္ကျပုတ္တ သင်သည် မြင်ဘူးခြင်း စသည်အလျှင်းမရှိ၊မြင်ကြားဆဲ စသည်လည်း မဟုတ်၊ မြင် ကြားလိုခြင်း စသော ဆန္ဒလည်း မရှိသော အဆင်း အသံစသော အာရုံခြောက်ပါးတို့၌ လိုခြင် တပ်မက် နှစ်သက်တွယ်တာမှုရှိနိုင်ပါသလော"ဟု မေးတော်မူရာ မရှိပါဘုရားဟု ဖြေကြားပုံ

"မာလုက္ကျပုတ္တ သင်သည် မြင် ကြား နံလျက် ထိသိအပ်ကုန်သော အာရုံခြောက်ပါးတရားတို့၌ မြင်လျှင် မြင်ကာမျှ ကြားလျှင်ကြားကာမျှ စသည်သာ ဖြစ်ရာအခါ၌ စဲမက်ခြင်း 'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ' မဖြစ်လတ္တံ့၊ ထိုသို့စဲမက်မှုစသည်မဖြစ်လျှင် သင်၏ စိတ်သည် အာရုံခြောက်ပါး၌ 'ရာဂ'စသည်တဲ့စပ်မှုမဖြစ်လတ္တံ့၊ အာရုံခြောက်ပါး၌ 'ရာဂ'စသည် ဖွဲ့စပ်မှုမရှိလျှင် သင်သည် ယခုဘဝ၌ မဖြစ်လတ္တံ့၊ နောက်ဘဝ၌လည်း မဖြစ်လတ္တံ့၊ ယခုဘဝ နောက်ဘဝနှစ်ပါးတို့၌လည်း မဖြစ်လတ္တံ့" ဟု ဟောတော်မူပုံ ....

သင္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် နိဿယ

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

တရား အဆုံး၌ ရှင်မာလုက္ကျပုတ္တက သူသိပုံအကျယ်ကို ပြန်လည် လျှောက်ထားရာ ဘုရားရှင် လက္ခံတော်မူခြင်း၊ တရားနာပြီးနောက် တပါး တည်း တရားအားထုတ်နေထိုင်ရင်း ရဟန္တာဖြစ်ပုံ ၅၇-၆၅

၃-ပရိဟာနဓမ္မသုတ်

၄၉။ ၁-အဘိအာယတနပုဒ်နှင့် အရကောက်အဓိပ္ပါယ် ၆၅

၂-မြတ်စွာဘုရားသည် ရဟန်းတို့အား (၁) ယုတ်လျော့မှုသဘော (၂) မယုတ်လျော့မှုသဘော (၃) လွှမ်းမိုးကြောင်းတရား ခြောက်ပါး ဟု မာတိကာထား၍ မျက်စိ နား နှာ လျှာ ကိုယ်စိတ်တို့ဖြင့် မြင် ကြား နံလျက် တွေ့ထိ သိသော် ကြံစည်နှောင်ဖွဲ့ယုတ်ညံ့သော အကုသိုလ်တရားတို့ ဖြစ်တတ်၍ ဖြစ်ပေါ်သော အကုသိုလ်တရားကို မစွန့်မပယ်လျှင် ကုသိုလ် တရားမှ ဆုတ်ယုတ်သည်မည်ကြောင်း မျက်စိ နား နှာ လျှာ ကိုယ်စိတ် တို့ဖြင့် မြင် ကြား နံလျက် တွေ့ထိ သိသော် ကြံစည်နှောင်ဖွဲ့ ယုတ်ညံ့သော အကုသိုလ်တို့ မဖြစ်ကုန်မူ အာရုံနှင့် ကိလေသာကို လက်မခံ ပယ်လွှန်နိုင် သောကြောင့် လွှမ်းမိုး နိုင်နင်းအပ်သော အာယတန မည်ကြောင်း ဟောတော်မူခြင်း ၆၅

၄-ပမာဒဝဟာရသုတ်

၅၀။ စက္ခုစသော ဣန္ဒြေ ခြောက်ပါးတို့ကို လုံခြုံအောင် ပိတ်ဆို့စောင့်ရှောက်မှု မရှိပဲ နေလေ့ရှိသူ၏ စိတ်သည် ရူပါရုံစသည်တို့၌ ကိလေသာဖြင့်စိုစွတ်၏၊ ကိလေသာဖြင့်စိုစွတ်သော စိတ်ရှိသူအား ဝမ်းမြောက်မှုမဖြစ်၊ ဝမ်းမြောက် မှုမဖြစ်သူအား နှစ်သက်မှုမဖြစ်၊ နှစ်သက်မှုမဖြစ်လျှင် ကိုယ်စိတ်၏ ငြိမ်း အေးမှုမဖြစ်၊ ငြိမ်းအေးမှုမဖြစ်လျှင်ဆင်းရဲ၏၊ ဆင်းရဲခြင်းရှိသူ၏စိတ်သည် မတည်ကြည်၊ မတည်ငြိမ်သော် သမထ ဝိပဿနာ တရားတို့ထင်စွာမဖြစ် ပေါ်၊ ထိုသို့ မဖြစ်ပေါ်သောကြောင့် "မေ့လျော့စွာ နေလေ့ရှိသူ" ဟု ဆို အပ်၏ ....

စက္ခုစသော ဣန္ဒြေ ခြောက်ပါးတို့ကို လုံခြုံအောင်စောင့်ရှောက်၍ နေသူ၏စိတ်သည် ကိလေသာဖြင့် မစိုစွတ်ခြင်း ဝမ်းမြောက်နှစ်သက်မှု ငြိမ်းအေးမှု တည်ကြည်မှု သမထဝိပဿနာတရားတို့ ထင်စွာဖြစ်ပေါ်စေ နိုင်သောကြောင့် မမေ့မလျော့နေလေ့ရှိသူမည်ကြောင်း ဟောတော်မူခြင်း ၆၈

၅-သံဝရသုတ်

၅၁။ "အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးတိုးစေတတ်ကုန်သော တပ် နှစ်သက်ခြင်း၏အကြောင်းဖြစ်ကုန်သော ရူပါရုံစသော အာရုံခြောက်ပါး တို့၌ နှစ်သက်ခြင်း စွဲလမ်းခြင်း ချမ်းသာစွဲ ချမ်းသာစွဲ ဟု ချီးမွမ်းခြင်း

ပြုသူကို ကုသိုလ်တရားတို့မှ ဆုတ်ယုတ်ကြောင်း မည်၏" ဟု ဘုရားရှင် ဟောတော်မူသောကြောင့် စောင့်စည်းမှုမရှိသူ ဟု ဆိုအပ်ပုံ ၆၉

"အထက်ပါ အာရုံခြောက်ပါးတို့ကို မနှစ်သက် မစွဲလမ်း ချီးမွမ်းခြင်း မပြုသူကို ကုသိုလ်တရားတို့မှ မဆုတ်ယုတ်သောကြောင့် စောင့်စည်းမှုရှိသူ"ဟု ဘုရားရှင် ဟောတော်မူခြင်း ၆၉

၆- သမာဓိသုတ်

၅၂။ "သမာဓိဖြင့် တည်ကြည်သောစိတ်ရှိသော ရဟန်းသည် စက္ခုပသာဒ ရှုပါရုံစသော ခုနစ်ဌာနစီတို့၌ စက္ခုပသာဒ စသည် မမြဲ" ဟု ဟုတ်တိုင်းမှန်စွာ သိနိုင်သောကြောင့် သမာဓိကို ပွါးများကြရန် ဟောတော်မူခြင်း ၇၀

၇- ပဋိသလ္လာနသုတ်

၅၃။ "စက္ခုပသာဒ ရှုပါရုံ စသည်တို့၏ မမြဲသော သဘောကို ဟုတ်တိုင်းမှန်စွာ သိနိုင်ရန် တယောက်ထည်းတည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ ကမ္မဋ္ဌာန်းတရား အားထုတ်ကြ"ဟု ဘုရားရှင် မိန့်တော်မူခြင်း ၇၀

၈-၉-နတုမှာကသုတ် ၂-သုတ်

၅၄။ "စက္ခုပသာဒ စသည်သည် သင်တို့၏ဥစ္စာမဟုတ် သင်တို့၏ဥစ္စာမဟုတ်သော စက္ခုပသာဒ စသည်ကို ပယ်ကြကုန်၊ ထို ပယ်ခြင်းသည် သင်တို့အား အကျိုးစီးပွါးများ၍ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့"ဟု ဘုရားရှင် ဟောတော်မူပုံ ....

ဥပမာသော်ကား– ဤဇေတဝန်ကျောင်းတော်တွင်းရှိ မြက် ထင်း သစ်ခက် စသည်ကို လူအများတို့က ယူဆောင်သွားသော်၎င်း မီးနှင့် ရှို့သော်၎င်း သူတို့စိတ်ကြိုက် တစုံတခုပြုလုပ်သော်၎င်း ဤသို့ပြုလုပ်ကြရာ၌ သင်တို့၏စိတ်ဝယ် "ဤသူတို့သည် ငါ့အား ယူဆောင်သွား၏၊ ငါ၏ဥစ္စာကို ယူဆောင်သွား၏၊ မီးရှို့သွားကြ၏"ဟူသော စိတ်အကြံအစည် တစုံတခု မဖြစ်ကြသကဲ့သို့ ဤအတူ သင်တို့၏ဥစ္စာ မဟုတ်သော စက္ခုပသာဒ စသည်တို့ ပယ်ကြရန် ဘုရားရှင် ဟောတော်မူခြင်း ....

(ဤစကားရပ်၌ စက္ခုပသာဒ စသည်ကို ပယ်ကြကုန်ဟု မိန့်တော်မူသော်လည်း စက္ခုပသာဒ စသည်ကို စွဲ၍ ဖြစ်သော ဆန္ဒ ရာဂ စသည်ကို ပယ်ရမည်ဟု ဆိုလိုပါသည်) ၇၀-၇၁

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၀-ဥဒကသုတ်

၅၅။ (၁) ငါသည် ပညာရှိအစစ်တည်း (၂) အလုံးစုံသော ဝဋ်ဆင်းရဲကို အောင်ပြီးသူတည်း (၃) မတူးအပ်သေးသော ဆင်းရဲခြင်း၏အကြောင်း တဏှာအမြစ်ကို တူးပြီးသူတည်း ဟု ပြောဆိုသော ရာမ၏သား ဥဒက၏ စကားကို ဘုရားရှင် ပယ်မြစ်တော်မူပုံ ....

၁။ ဖဿ၏တည်ရာ အာယတနတို့၏ ဖြစ်ခြင်း ချုပ်ခြင်းကိုငင်း သာယာဖွယ်ကိုငင်း အပြစ်ကိုငင်း ထွက်မြောက်ရာကိုငင်း ဟုတ်တိုင်း မှန်စွာသိသော ရဟန်းသည်သာ ပညာရှိအစစ်တည်း ....

၂။ ဖဿ၏တည်ရာ အာယတနတို့၏ ဖြစ်ခြင်း ချုပ်ခြင်း စသည်ကို ဟုတ်တိုင်းမှန်စွာသိ၍ တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကို မစွဲလမ်းမူ၍ ကိလေသာတို့မှ လွတ်ပြီးသော ရဟန်းသည်သာ အလုံးစုံသော ဆင်းရဲကို အောင်နိုင်ပြီးသူ ဖြစ်၏ ....

၃။ အကြင်ရဟန်းသည် တဏှာကိုပယ်ပြီး အမြစ်အရင်းကို အကြွင်းမဲ့ သုတ်သင်ပြီး ထန်းပင်၏တည်ရာ ကျင်းကဲ့သို့ ပြုပြီး နောင်မဖြစ်အောင် ပြုပြီး ဖြစ်၏၊ ထိုရဟန်းသည်သာ မတူးအပ်သေးသော ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော တဏှာအမြစ်ကို တူးဖြိုပြီး ဖြစ်၏ ဟု ဘုရားရှင် ဟောတော်မူခြင်း ၇၂

(၁၁) ၁-ယောဂက္ခေမိဝဂ်

၁-ယောဂက္ခေမိသုတ်

၅၆။ အလိုရှိအပ် သာယာအပ် နှစ်သက်မြတ်နိုးအပ်ကုန်သော ရူပါရုံစသည်တို့ကို အကြွင်းမဲ့ ပယ်အပ်ကုန် နောင်တဖန်မဖြစ်အောင် ပြုအပ်ကုန်ပြီးသော ကြောင့်ငင်း ထိုရူပါရုံစသော တရားတို့ကို ပယ်ခြင်းငှါ အားထုတ်အပ်သော သမထ ဝိပဿနာတရား သစ္စာတရားတို့ကို ဟောတော်မူတတ်သော ကြောင့် မြတ်စွာဘုရားကို (ယောဂက္ခေမီ) ယောဂလေးပါးတို့ဖြင့် ဘေး မရှိသူမည်ကြောင်း ဘုရားရှင် ဟောတော်မူခြင်း ၇၆

၂-ဥပါဒါယသုတ်

၅၇။ စက္ခုပသာဒ (မျက်စိ) စသည်ရှိလျှင် ထိုစက္ခုပသာဒ စသည်ကိုစွဲ၍ အဇ္ဈတ္တ သန္တာန်၌ ချမ်းသာ ဆင်းရဲ သုခ ဒုက္ခ ဖြစ်ပေါ်လာကာ မမြဲ ဆင်းရဲ ဖောက်ပြန်ခြင်းသဘောရှိသော ထိုစက္ခုပသာဒ(မျက်စိ)စသည်ကို မစွဲလျှင် အဇ္ဈတ္တ

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

သန္တာန်၌ ချမ်းသာ ဆင်းရဲ သုခ ဒုက္ခ မဖြစ်တော့ပဲ မျက်စိ စသည်၌ ငြိုးငွေ့၍ စွဲမက်မှုရာဂကင်းသဖြင့် ကိလေသာတို့မှ လွတ်မြောက်နိုင်ကြောင်း ဘုရားရှင် ဟောတော်မူခြင်း ၂၅

၃-ဒုက္ခသမုဒယသုတ်

၅၈။ ဝဋ်ဆင်းရဲဖြစ်ခြင်း၊ ဝဋ်ဆင်းရဲချုပ်ခြင်း နှစ်မျိုး ....

၁-မျက်စိနှင့် အဆင်းကို စွဲ၍ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်၊ မျက်စိအဆင်း စက္ခုဝိညာဏ်စိတ် သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿ ဖြစ်ပေါ်လာသည်၊ ယင်း ဖဿကြောင့် ခံစားမှုဝေဒနာ ဖြစ်ပေါ်လာသည်၊ ယင်း ဝေဒနာကြောင့် တဏှာ ဖြစ်ပေါ်လာသည်၊ ယင်း တဏှာသည်ပင် ဝဋ်ဆင်းရဲဖြစ်ကြောင်းတည်း (သောတ-ဃာန-ဇိဝှါ-ကာယ-မန-တို့လည်း နည်းတူ) ၂၅

၂-မျက်စိနှင့် အဆင်း စသည်ကို စွဲ၍ အထက်ပါအတိုင်း အဆင့်ဆင့် ဖြစ်ပေါ်လာသော ယင်း တဏှာ၏သာလျှင် အကြွင်းမဲ့ချုပ်ခြင်းကြောင့် စွဲလမ်းမှု ဥပါဒါန်ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်းကြောင့် အဆင့်ဆင့် ကမ္မဘဝ ဥပပတ္တိဘဝ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ စသည်တို့ ချုပ်ကြကုန်၏၊ ဤသို့ချုပ်ခြင်းသည် ဝဋ်ဆင်းရဲ၏ ချုပ်ခြင်းမည်၏ဟု ဘုရားရှင် ဟောတော်မူခြင်း ၂၆

၄-လောကသမုဒယသုတ်

၅၉။ ၁-သင်္ခါရလောက၏ ဖြစ်ခြင်း ပျက်ခြင်းကို ဟောတော်မူသည်။ ဒုက္ခ သမုဒယသုတ်နှင့် အတူပင်တည်း။ ....

၅-သေယျောဟမသ္မိသုတ်

၆၀။ "ငါမြင့်မြတ်သူ ငါတန်းတူသူ ငါယုတ်နိမ့်သူ" ဟု မှားသောအားဖြင့် စွဲလမ်းပြောဆိုခြင်းသည် စက္ခုပသာဒ စသည်ကိုစွဲ၍ ပြောဆိုခြင်းဖြစ်ရာ မမြဲဆင်းရဲ ဖောက်ပြန်ခြင်း သဘောရှိသော ထိုစက္ခုပသာဒ စသည်ကို မစွဲလမ်းလျှင် ဟုတ်တိုင်း မှန်စွာသိသဖြင့် ငါမြင့်မြတ်သူ စသည်ဖြင့် မာန မဖြစ်တော့ပဲ၊ ယင်း စက္ခုပသာဒစသည်တို့၌ ငြိုးငွေ့၍ ရာဂကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း ဟောတော်မူခြင်း ၂၆

၆-သံယောဇနိယသုတ်

၆၁။ ၁-စက္ခုပသာဒ စသည်သည် သံယောဇဉ်၏ အာရုံတရား မည်၏ .... ၂-ထိုစက္ခုပသာဒ၌ လိုချင် တပ်မက် သာယာမှုသည် သံယောဇဉ် မည်၏.... ၂၇

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၇-ဥပါဒါနိယသုတ်

၆၂။ ၁-စက္ခုပသာဒ စသည်သည် စွဲလမ်းကြောင်း ဥပါဒါန်၏ အာရုံမည်၏ ....
၂-ယင်း စက္ခုပသာဒ၌ လိုချင် တပ်မက် သာယာမှုသည် စွဲလမ်းမှု ဥပါဒါန် တရား မည်၏ စသည်ဖြင့် ဟောတော်မူခြင်း ၇၈

၈-၉-အဋ္ဌတ္တိက ဗာဟိရာယတနပရိဇာနန ၂-သုတ်

၆၃။ "စက္ခု သောတ စသော အတွင်းအဋ္ဌတ္တာယတနခြောက်ပါး ရှုပါရုံ သဒ္ဒါရုံ စသော အပြင် ဗာဟိရာယတနခြောက်ပါးတို့ကို ပိုင်းခြား၍ မသိသူ၊ စွဲမက် တပ်စွန်းသူ မပယ်စွန့်နိုင်သူတို့သည် ဆင်းရဲ၏ ကုန်ဆုံးရာ နိဗ္ဗာန်သို့ မရောက်နိုင်" ဟု ဘုရားရှင် ဟောတော်မူခြင်း ၇၉

၁၀-ဥပယသုတိသုတ်

၆၄။ ဉာတိကော ပုဒ်နှင့် ဥပယသုတိပုဒ်တို့၏ အဆုံးအဖြတ်ကိုပြခြင်း(ဒေသနာတော်မှာ ဒုက္ခသမုဒယသုတ်နှင့် တူ၏) ၈၀

---

(၁၂) ၂-လောကကာမဂုဏ်သုတ်

၁-၂-ပ-ဒု-မာရပါသသုတ်

၆၅။ "အလိုရှိအပ် နှစ်သက်မြတ်နိုးအပ် စိတ်နှလုံးကို ပါးစေတတ်ကုန်သော ကာမဂုဏ်နှင့်စပ်ယှဉ်၍ စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်စသည်တို့ဖြင့် မြင်အပ်ကြားအပ်ကုန်သော အဆင်းအသံစသည်တို့၌ လွန်လွန်မင်းမင်း နှစ်သက်စွဲလမ်းသော ရဟန်းကို မာရ်၏ နေရာအိမ်သို့ရောက်နေသူ မာရ်၏ အလိုသို့ လိုက်နေသူ မာရ်၏ ကြွက္ခင်းကို လည်၌ စွတ်ထားသူ မာရ်၏ အနှောင်အဖွဲခံရသူ မာရ်၏ အလိုရှိတိုင်း ပြုသမျှခံရသူ" ဟု ဘုရားရှင် ဟောတော်မူပုံ ....

"ယင်း ရှုပါရုံစသည်တို့၌ နှစ်သက်စွဲလမ်းမှုမရှိသော ရဟန်းကို မာရ်၏ အနှောင်အဖွဲစသည့် အားလုံးမှလွတ်မြောက်သူ"ဟု ဘုရားရှင် ဟောတော်မူခြင်း ၈၀-၈၁

၃-လောကန္တဂမနသုတ်

၆၆။ "ရဟန်းတို့ ပကတိသော ခြေဖြင့် သွားခြင်းဖြင့် (ဩကာသ) လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို သိအပ် မြင်အပ် ရောက်အပ်၏ဟူ၍ ငါဘုရား မဟော (သခ်ါရ)လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့မရောက်မူ၍ ဝဋ်

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ဆင်းရဲ၏အဆုံးကို ပြုနိုင်၏ဟူ၍ ငါဘုရားမဟော"ဟူသော အကျဉ်းချုပ် ဒေသနာကို မိန့်တော်မူ၍ ဂန္ဓကုဋ္ဌကျောင်းတော်သို့ ကြွတော်မူပုံ ၈၁

ယင်း အကျဉ်းချုပ်ဒေသနာတော်ကို အကျယ် ဝေဖန်ဟောကြားရန် ရဟန်းတော်တို့က အရှင်အာနန္ဒာအား လျှောက်ထားကြရာ အရှင် အာနန္ဒာက ငါ့ရှင်တို့ သင်တို့သည် အနှစ်ကိုလိုချင်၍ ရှာသော်သူသည် အနှစ်ရှိရာ အမြစ်ဆုံ ပင်စည်၌ မရှာပဲ ကိုင်းဖျားအခက်အလက်မှာ ရှာသည်နှင့် တူဘိ၏၊ သိစရာရှိသမျှ အကုန်အစဉ်သိမြင်တော်မူ၍ ဉာဏ်တုံး ဉာဏ်ခဲကြီးသဖွယ် ဖြစ်တော်မူသော ဘုရားရှင်၏ ထံတော်မှာသာ မေး လျှောက်၍ ဟောတော်မူသည့်အတိုင်း မှတ်သားကြရန် မိန့်တော်မူပုံ ၈၂

ရဟန်းများက "ဘုရားရှင်ထံတွင်လည်း လျှောက်ထားမှတ်သားပါ မည်၊ ငါ့ရှင်အာနန္ဒာသည် ဘုရားရှင်ကလည်း ချီးမွမ်းတော်မူပါသည်၊ ပညာရှိ သိတင်းသုံးဖော်တို့ကလည်း မြှောက်စားအပ်ပါသည်၊ ဝန်မလေး လျှင် အကျယ်ဝေဖန်၍ ဟောတော်မူပါ"ဟု ထပ်မန်လျှောက်ထားကြ သဖြင့် ရှင်အာနန္ဒာက- ၈၄

"ဤသတ္တလောက၌ (မပယ်အပ်သေးသော မိစ္ဆာအယူရှိသူသည်) စက္ခု သောတ ဃာန ဇိဝှါ ကာယ မနတို့ဖြင့် ဝါ-ကြောင့် လောက ဟု အမှတ်ရှိ၏၊ လောက ဟု အထင်ရှိ၏၊ ယင်းသဘောတရားကို ဘုရားရှင်၏ သာသနာတော်၌ လောကဟု ဆိုအပ်ပုံကို မိန့်တော်မူ၍ ရဟန်းများက ရှင်အာနန္ဒာထံမှ ထွက်ခွါခဲ့ပြီးလျှင် ဘုရားရှင်အား လျှောက်ပြရာ ဘုရား ရှင်က ငါဘုရားကို မေးလျှင်လည်း ဤအတိုင်းဖြေဆိုမည်၊ အာနန္ဒာ ဖြေဆိုတိုင်း မှတ်သားကြ"ဟု သဘောတူ တိုက်တွန်းတော်မူခြင်း ၈၅

၄-ကာမဂုဏသုတ်

၆၇။ ဘုရားမဖြစ်မီ သစ္စာလေးပါးကိုမသိသေးဒသာ ဘုရားလောင်းဖြစ်စဉ် "ငါ၏ စိတ်ဖြင့် တွေ့ထိခံစားဘူးကုန် လွန်ပြီးကုန် ချုပ်ပြီးကုန် ဖောက်ပြန်ခြင်း သို့ ရောက်ကုန်သောအတိတ်ကာမဂုဏ်ငါးပါး ပစ္စုပ္ပန်ကာမဂုဏ်ငါးပါးတို့၌ ငါ၏စိတ်သည် အကြိမ်များစွာသော်ငင်း၊ အနာဂတ်ကာမဂုဏ်ငါးပါးတို့၌ အကြိမ်အနည်းငယ်သော်ငင်း၊ သွားဆောက်လိုသော် သွားရောက်ရာ၏၊ ငါသည် မိမိအကျိုးစီးပွါးကိုလိုလားသောသဘောအားဖြင့် ထိုကာမဂုဏ် ငါးပါးတို့၌ မမေ့မလျော့ သတိထားမှု စိတ်၏ အစောင့်အရှောက်ကို ပြုသင့်၏"ဟု အကြံအစည်ဖြစ်၏၊ သင်တို့သည်လည်း မိမိအကျိုးစီးပွါးကို လိုလားသော သဘောအားဖြင့် ထိုအတိတ်ပစ္စုပ္ပန်အနာဂတ် အာရုံငါးပါး ကာမဂုဏ်တရားတို့၌ မမေ့မလျော့သတိထားမှု စောင့်ရှောက်မှုကို ပြုသင့် ၏ ဟု ဟောတော်မူပုံ ၈၆

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

"ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်" အကြောင် အကြောင်း၌ စက္ခုပသာဒ မျက်စိစသည်ချုပ်၏၊ အဆင်း၌မှတ်သား မှုရှုပသညာစသည် လည်းချုပ်၏၊ ထိုအကြောင်းကို သိအပ်၏ (အာယတနခြောက်ပါးလုံး ယူလေ)" ဟု အကျဉ်းချုပ်ဟောတော်မူ၍ ဂန္ဓကုဋိသို့ကြွတော်မူပုံ၊ ရှင် အာနန္ဒာအား လျှောက်ထားကြပုံတို့ကို ရွှေ လောကန္တရိကမနုသုတ်အတိုင်းပင်

"ငါ့ရှင်တို့ မြတ်စွာဘုရားသည် တည်ရာအကြောင်းခြောက်ပါး 'သဋ္ဌာယတန' တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုရည်ရွယ်၍ ဘုရားရှင် ဟော တော်မူသည်" ဟု ရှင်အာနန္ဒာက ဝေဖန်တော်မူပုံ ၈၆

(သေ အာယတနေ ဝေဒိတဗ္ဗေ-ပုဒ်၏ အဆုံးအဖြတ်ကိုပြခြင်း) ၇၇

၅-သက္ကပဉ္ဉသုတ်

၆-ပဉ္စသိခသုတ်

၆၈။ "မြတ်စွာဘုရား ဤလောက၌ အချို့သောသူတို့သည် ယခုပစ္စုပ္ပန်ဘဝ၌ ကိလေသာမငြိမ်းကြပါ၊ တချို့သောသူတို့ကား ကိလေသာငြိမ်းကြပါသည်၊ ထိုကိလေသာမငြိမ်းခြင်း ငြိမ်းခြင်း၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း" ဟု သိကြားမင်းနှင့် ပဉ္စသိခနတ်သားတို့ လျှောက် ထားကြပုံ ....

အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်၍ စိတ်နှစ်လုံးကို ပွါးစီးစေတတ်ကုန် သော ရူပါရုံစသော အာရုံခြောက်ပါးတို့၌ လွန်လွန်မင်းမင်း သာယာ စုံမက် နှစ်သက်စဲ့လမ်းသောသူအား ထိုတဏှာကိုစဲ့မှိသော ကမ္မဝိညာဏ် ဖြစ်၏၊ ထိုသို့ စဲ့လမ်းခြင်းနှင့်တကွ ဖြစ်သောသူအား ကိလေသာမငြိမ်း....

အထက်ပါ အာရုံခြောက်ပါးတို့၌ မနှစ်သက် မစဲ့လမ်းသူအား ထို တဏှာကိုစဲ့မှိသော ကမ္မဝိညာဏ်မဖြစ်၊ ထိုသို့ မစဲ့လမ်းသူအား ကိလေသာ ငြိမ်း၏၊ ဤသည်လျှင် အကြောင်းရင်းဖြစ်၏၊ အထောက်အပံ့အကြောင်း လည်းဖြစ်၏ ဟု ဟောတော်မူပုံ ၇၇-၉

၇-သာရိပုတ္တသဒ္ဓိဝိဟာရိကသုတ်

၆၉။ အရှင်သာရိပုတ္တရာ၏တပည့် ရဟန်းငယ်တပါး လူထွက်ကြောင်း ရဟန်း တပါးက ရှင်သာရိပုတ္တရာထံ လျှောက်ထားရာ ငါ့ရှင် ဣန္ဒြေတို့၌ လုံခြုံ အောင် စောင့်ရှောက်မှုမရှိသူ၊ ဘောဇဉ်၌ အတိုင်းအရှည်ကိုမသိသူ၊ နိုးကြားထက်သန် လုံ့လမရှိသူတို့သည် အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ မြတ်သောအကျင့်ကို ကြိုးစားအားထုတ်နိုင်လတ္တံ့သော အကြောင်းမရှိဟု အကျဉ်းမိန့်တော်မူပြီးလျှင် ဣန္ဒြေကိုမစောင့်သူ၊ဘောဇဉ်၌အတိုင်းအရှည် မသိသူ၊ နိုးကြားထက်သန် လုံ့လမရှိသူတို့ကို ဟောတော်မူခြင်း ....

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

မျက်စိဖြင့် အဆင်းရူပါရုံစသည်ကိုမြင်လျှင် မိန်းမ,ယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ, လက်ခြေအင်္ဂါ ပြုံးရယ်ဟန်စသော အသေးစိတ်အမူအရာ အမှတ်လက္ခဏာကိုလည်း စွဲယူလေ့မရှိသောသူသည် ဤနေ့တို့၌ လုံခြုံအောင်စောင့်သူ မည်၏.... ....

ဆွမ်းစသော အစာအာဟာရတို့ကို စားသုံးရာ၌ရင်း ဆွမ်းခံရာ၌ရင်း တကျာလောဘဖြင့် မငြိကပ်မူ၍ ပစ္စဝေက္ခဏာဆင်ခြင်၍သာ သုံးဆောင်သော သူသည် ဘောဇဉ်၌ အတိုင်းအရှည်ကို သိသူမည်၏ ....

တနေ့လုံးနှင့် ညဉ့်ပထမယာမ်တွင် ထိုင်ခြင်းလမ်းလျှောက်ခြင်းဖြင့်ရင်း မဇ္ဈိမယာမ်တွင် သတိသမ္ပဇညတရားတို့နှင့် ပြည့်စုံစေ၍ ဥဋ္ဌာနသညာဖြင့် အိပ်စက်၍ ပစ္ဆိမယာမ်၌ စောစောထ၍ လမ်းလျှောက်ခြင်းထိုင်ခြင်းဖြင့် နီဝရဏတို့မှ စိတ်ကိုစင်ကြယ်စေသော သူသည် နိုးကြားထကြွခြင်းနှင့် ပြည့်စုံသူမည်၏၊ ဤသာသနာ၌ ဤသုံးပါးတို့နှင့် ပြည့်စုံသူတို့သာလျှင် ဖြစ်ကုန်အံ့ဟု အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ မြတ်သောအကျင့်ကို ကျင့်သုံးရန် ဟောတော်မူခြင်း ၈၉

၈-ရာဟုလောဝါဒသုတ်

၂၀။ ဘုရားရှင်သည် အရှင်ရာဟုလာအား အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်ကုန်သော သဒ္ဓါစသော တရားတို့၏ ရင့်ကျက်ပြည့်စုံမှုကို သိတော်မူ၍ ကိလေသာတို့၏ကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သော တရားတော်ကို ဟောလိုသောအကြံ ဖြစ်တော်မူ၍ ဆွမ်းစားပြီးနောက် သာဝတ္ထိပြည်အနီး အနွဓဝန်တောသို့ ရှင်ရာဟုလာနှင့်အတူ ကြွတော်မူပုံနှင့် များစွာသောနတ်တို့သိကြ၍ တရားနာရန်လိုက်ကြပုံ ၉၁

ရှင်ရာဟုလာအား စက္ခုပသာဒမျက်စိစသည်တို့ကို မြဲသလော, မမြဲသလော စသည် မေး၍ အရှင်ရာဟုလာက ဖြေတော်မူ၍ စက္ခုပသာဒမျက်စိစသည်၌ မမြဲ ဆင်းရဲဖောက်ပြန်၍ ငါ့ဥစ္စာ, ငါ, ငါ၏အတ္တမဟုတ် ဟုဟုတ်တိုင်းမှန်စွာသိသဖြင့် ငြီးငွေ့ပုံ၊ တပ်နှစ်သက်မှုကင်းပုံ၊ ကိလေသာမှလွတ်မြောက်ပုံ၊ ဆင်ခြင်သောဉာဏ်ဖြစ်ပုံကို ဟောတော်မူသည်၏အဆုံး၌ ရှင်ရာဟုလာ ရဟန္တာဖြစ်၍ အထောင်မကသောနတ်တို့ သောတာပန်ဖြစ်ကြပုံ ၉၁

၉-သံယောဇနိယဓမ္မသုတ်

၁၀-သဉ္ဉာဝါဒါနိယဓမ္မသုတ်

၂၁။ ဤနှစ်သုတ်တို့သည် စာအမှတ်ခေါင်းစဉ် ၆၀-၆၁ သံယောဇနိယသုတ် သဉ္ဉာဝါဒါနိယသုတ်တို့နှင့် တူ၏ ၉၄

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

(၁၃) ၃-ဂဟ့ပတိဝဂ်

၁-၂-၃-ဝေသာလီ,ဝဇ္ဇီ,နာဋနွဲ့ ၃-သုတ်

၇၂။ ဤသုံးသုတ်သည် စာအမှတ်ခေါင်းစဉ် ၆၇ သင်္ကပဉ္ဇသုတ်နှင့်တူ၏ ၉၅

၄-ဘာရဒ္ဒါဇသုတ်

၇၃။ "ပျိုမြစ်နုနယ် ပဌမအရွယ် ရဟန်းငယ်တို့သည် ကာမဂုဏ်တို့၌ ပျော်မြူးခံစားမှု မရှိကြပဲ၊ အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ အကျင့်မြတ်ကို ကျင့်ကြကုန်လျက် အစဉ်အဆက်ကိုလည်း (စောင့်ထိန်းသောအားဖြင့်) ပြီးစေခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း" ဟု ဥဒေနမင်း၏ မေးလျှောက်ချက်ကို အမိ အမ နှမ သမီးအရွယ် အစရှိသော မာတုဂါမအသွယ်သွယ်တို့၌ အမိ အမ နှမ သမီးဟူသော စိတ်ထားခြင်းသည် အကြောင်းအထောက်အပံ့ဖြစ်ကြောင်း ဘုရားရှင် မိန့်တော်မူပုံ....

စိတ်ဟူသည် လော်လည်ဖောက်ပြားတတ်ပါ၍ တခါတရံ အမိအရွယ် ရှိသူပင် ဖြစ်သော်လည်း တပ်မက်ဖောက်ပြားတတ်သောကြောင့် တပါးသော အကြောင်း ရှိပါသေးသလော ဟူသော လျှောက်ထားချက်ကို အမျိုးမျိုးသော အပုပ်တို့ဖြင့် ပြည့်လျက်ရှိသော ဤခန္ဓာကိုယ်၌ ဆံပင် မွေးညှင်းစသော ၃၂-ကောဋ္ဌာသအစုတို့ရှိပုံကို အဖန်ဖန် ဆင်ခြင်ရန် ဘုရားရှင် ဆုမွမထားသော ဒေသနာရှိကြောင်း မိန့်တော်မူပုံ ....

ဘုရားရှင် ဟောတော်မူသည့်အတိုင်း ပဋိးများအားထုတ်ပြီးသော ကာယ,သီလ,စိတ် ပညာအဆင်ခြင်နှင့် ပြည့်စုံသော ရဟန်းတို့အဖို့ လွယ်ကူ၍ အားမထုတ်ရသေးသော ရဟန်းတော်များအတွက် ခဲယဉ်းပါသဖြင့် တပါးသော အကြောင်းရှိပါသေးသလောဟူသော လျှောက်ချက်ကို—

အဆင်းစသည်ကို မြင်ရာ၌ (မိန်းမယောကျ်ားစသော)သဏ္ဌာန် နိမိတ် (လက်ခြေသဏ္ဌာန် ပြုံးရယ်ဟန်စသော အမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို မမှတ်မယူ ဣန္ဒြေကို စောင့်ရှောက်ရန်နှင့် စက္ခုန္ဒြေစသည်ကို မစောင့်စည်းသူအား မက်မောလိုချင်ခြင်း အဘိဇ္ဈာ နှလုံးမသာယာခြင်း ဒေါမနဿဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့ နှိပ်စက်(နှား နှာစသည်နည်းတူ)တတ်ကြောင်း ဤဣန္ဒြိယသံဝရသည်လည်း အကြောင်းတပါး ဟု မိန့်တော်မူရာ ဥဒေနမင်း နှစ်သက်အားရ၍ တပည့်တော်သည်လည်း မစောင့်စည်းသော ကိုယ်နှုတ်စိတ် မထင်သော သတိ မလုံခြုံသော ဣန္ဒြေတို့ဖြင့် နန်းတော်ဝင်ရာ၌ လောဘစသည်တို့ နှိပ်စက်၍/စောင့်စည်းသော ကိုယ်စသည်တို့ဖြင့် ဝင်ရာ၌ လောဘစသည်တို့ မနှိပ်စက်ပုံ လျှောက်၍ သရဏာဂုံတည်ပုံ ....

ဤသုတ်သည် စာအမှတ်ခေါင်းစဉ်(၆၇)သင်္ကပဉ္ဇသုတ်နှင့် တူ၏

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၆-၇-ဃောသိတ ဟာလိဒ္ဒိကာနိ ၂-သုတ်

၇၄။ "အရှင်ဘုရားအာနန္ဒာ ဓာတ်တို့၏ ထူးခြားမှု ဓာတ်တို့၏ ထူးခြားမှု ဟု ပြောဆိုကြရာ၌ အဘယ်မျှလောက်ဖြင့် ဓာတ်တို့၏ ထူးခြားမှုကို ဘုရားရှင် ဟောတော်မူပါသနည်း"ဟူသော ဃောသိတသူကြွယ် လျှောက်ထားချက်ကို— ....

ဒါယကာ စက္ခုဓာတ် စိတ်နှလုံးကို ပွါးစေတတ်သော ရူပါရုံ စက္ခုဝိညာဏ် ကျိသုံးပါးသည် သုခဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကို စွဲ၍ သုခဝေဒနာ ဖြစ်၏ ....

စက္ခုဓာတ် စိတ်နှလုံးကို မပွါးစေတတ်သော ရူပါရုံ စက္ခုဝိညာဏ် ကျိသုံးပါးသည် ဒုက္ခ၏ အကြောင်းဖြစ်သော ဖဿကို စွဲ၍ ဒုက္ခဝေဒနာ ဖြစ်၏ ....

စက္ခုဓာတ် ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော အာရုံ စက္ခုဝိညာဏ်စိတ် ကျိသုံးပါးသည် ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကို စွဲ၍ ဥပေက္ခာဝေဒနာ ဖြစ်၏။ ....

သူကြွယ် ကျိမျှလောက် အတိုင်းအရှည်ဖြင့် ဓာတ်တို့၏ ထူးခြားမှု တည်းဟု ဟောတော်မူခြင်း ၁၀၀

၈-နကုလပိတုသုတ်

ကျိသုတ်သည် အမှတ် ၆၇-သက္ကပဉ္ဉသုတ်နှင့် တူ၏ ....

၉-လောဟိစ္စသုတ်

၇၅။ လောဟိစ္စပုဏ္ဏား၏ တပည့် ထင်းခွေသမား များစွာကုန်သော ပုဏ္ဏား လုလင်တို့သည် အရှင်မဟာကစ္စည်း သီတင်းသုံးရာ တောကျောင်းအနီး၌ ဆူဆူညံညံ ကစားကြကုန်လျက် "ကျိသူတို့ကား ဦးပြည်း ရဟန်းယုတ်တို့တည်း၊ ဇာတ်ညံ့ကုန်၏၊ မည်းညစ်ကုန်၏"စသော စကားတို့ကို ပြောဆိုကြကုန်၏၊ ထိုအခါ ရှင်မဟာကစ္စည်းမထေရ်ကျောင်းမှ ထွက်၍ လုလင်တို့ မဆူကြကုန်လင့် သင်တို့အား တရားဟောမည်ဟု မိန့်တော်မူရာ လုလင်တို့ နားထောင်ကြပုံ.... ....

ကျင့်ဝတ်နှင့် ပြည့်စုံ၍ ရှေးကျသော ပုဏ္ဏားတို့သည် သီလကိုသာ အလေးအမြတ်ပြုကြကုန်၏၊ အမျက်ဒေါသကို ဖိနှိပ်၍ "စက္ခုစသော တံခါးတို့ကို လုံခြုံအောင် စောင့်ကြကုန်၏" ကုသိုလ်တရား စျာန်တရားတို့၌ ပျော်ပိုက်ကြကုန်၏။

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ယခုကာလ ပုဏ္ဏားတို့သည်ကား အထက်ပါဂုဏ်တို့မှ ဖဲရှောင်ကြကုန် ပြီးလျှင် မန္တန် အမျိုးအနွယ်အားဖြင့် ယစ်ကြကုန်လျက် ဒေါသအမျက် လွှမ်းမိုးနှိပ်စက်အပ်သဖြင့် ဒုတ် လုံ့ တံ စသည်ကိုင်ဆောင်ကြပြီး တဏှာ ရှိသူ တဏှာမဲ့သူတို့၌ ဆန့်ကျင်ကြကုန်၏ စသည်ဖြင့် ဗြဟ္မဉ့်ပြည် ရောက်ကြောင်း လမ်းပြတရား ဂါထာတို့ကို ဟောတော်မူပုံ ....

ပုဏ္ဏားလုလင်တို့ အမျက်ထွက်ခါမကျေနပ်ကြသဖြင့် ဆရာ လောဟိစ္စ ပုဏ္ဏားကြီးထံ တိုင်ကြားကြရာ ပုဏ္ဏားကြီး လိုက်လာပြီး အရှင် မဟာ ကစ္စည်းထံ မေးမြန်းစုံစမ်းသဖြင့် ယခင် ဂါထာတို့ကို ထပ်ခံ ဟောကြားပုံ

ဂုတ္တဒ္ဓါရ၏ အဓိပ္ပါယ်အကျယ် ဝေဖန် ဟောကြားရန် ပုဏ္ဏားကြီး တောင်းပန်သဖြင့် ဝေဖန် ဟောကြားရာ လောဟိစ္စပုဏ္ဏားကြီး အားရ ဝမ်းသာ သရဏဂုံတည်ပုံ .... – ၁၀၂

၁၀·ဝေရဟစ္စာနိသုတ်

၇၆။ အရှင်ဥဒါယီသည် ဝေရဟစ္စာနိ အနွယ်ဖြစ်သော ပုဏ္ဏေးမ၏ တပည့် လုလင်အား တရားဟောရာ အလွန်နှစ်သက်ရွှင်လန်း ဝမ်းမြောက်လှသဖြင့် ဆရာကတော် ပုဏ္ဏေးမကြီးအား ရှင်ဥဒါယီတရားဟောကောင်းကြောင်း ပြောကြားရာ ပုဏ္ဏေးမကြီးက ဆုံမ်းစားပင့်ခိုင်းပုံ ....

တပည့်လုလင်နှင့် ပုဏ္ဏေးမတို့ ဆုံမ်းကျေးအပြီး ပုဏ္ဏေးမက ခြေနင်းစီးကာ မြင့်သော နေရာ၌ ဦးခေါင်းကို ခြုံလျက် တရားဟောရန် တောင်းပန်ရာ တရားမဟောပဲကြွတော်မူပုံ၊ ဒုတိယ အကြိမ်တွင်လည်း ၎င်းနည်းအတိုင်းဖြစ်၍ တရားမဟောပဲ ကြွတော်မူပြန်ရာ လုလင်တပည့်က ပုဏ္ဏေးမအား ခြေနင်းမစီး ဦးခေါင်းမခြုံ နိမ့်ရာ အရပ်မှာနေ၍ တရားတောင်းပန်ရန် ပြောကြားရာ တတိယ အကြိမ်တွင် ဦးခေါင်းမခြုံ ခြေနင်းမစီးပဲ နိမ့်ရာအရပ်မှ ရှိသေစွာ ထိုင်၍—

“အရှင်ဘုရား ရဟန္တာပုဂ္ဂိုလ်တို့သည် အဘယ်တရားရှိလျှင် ချမ်းသာဆင်းရဲကို ပညတ်ကြပါသနည်း”ဟု လျှောက်ထားရာ

ရှင်မ မျက်စိ နား စသည်ရှိလျှင် ရဟန္တာတို့သည် ချမ်းသာ ဆင်းရဲကို ပညတ် ကြကုန်၏၊ မျက်စိ နား စသည် မရှိသော် ချမ်းသာ ဆင်းရဲကို မပညတ်ကြကုန် စသည်ဖြင့် အကြောင်း အမျိုးမျိုးပြ၍ ဟောတော်မူရာ လောဟိစ္စပုဏ္ဏေးမ သရဏဂုံတည်ပုံ ၁၀၆

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

(၁၄) ၄-ဒေဝဒဟဝဂ်

၄-ဒေဝဒဟသုတ်

၇၇။ ရဟန်းတို့ ရဟန်းအားလုံးတို့အား ခြောက်ပါးသော အာယတနတို့၌ မမေ့လျော့သော သတိဖြင့် ပြုအပ်၏ ဟူ၍ ငါမဟော၊ ရဟန်းအားလုံးတို့အား အာယတန ခြောက်ပါး တို့၌ မမေ့ လျော့သော သတိဖြင့် မပြုရ ဟူ၍ ငါမဟော

ကိလေသာတို့မှ စင်ကြယ်ပြီး၍ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်တို့အဘို့ အာယတန ခြောက်ပါးတို့၌ မမေ့လျော့သော သတိဖြင့် ပြုရမည်ဟု ငါမဟော၊ အကြောင်းကား ထိုရဟန္တာဖြစ်သော ရဟန်းတို့သည် မမေ့မလျော့သော သတိဖြင့် အားထုတ်ကြပြီးပြီဖြစ်၍ ထို ရဟန်းဘို့အား မေ့လျော့ခြင်းငှါ မထိုက်ကြကုန်သောကြောင့်တည်း

ကျင့်ဆဲဖြစ်၍ အရဟတ္တဖိုလ်သို့ မရောက်သေးသော ယောဂလေးပါး၏ကုန်ရာ အရဟတ္တဖိုလ်ကို တောင့်တ နေကြသော သေက္ခ ပုဂ္ဂိုလ်တို့အဘို့ မမေ့မလျော့သော သတိဖြင့် မပြုရဟု ငါမဟော(ပြုရမည်ဟူလို)

အကြောင်းကား နှစ်သက်ဖွယ် မနှစ်သက်ဖွယ် ရှုပါရုံ စသည် တို့သည် ထိုသတိနှင့်ပြည့်စုံသော ရဟန်းအား ထိခိုက် တွေ့ကြုံ လာသော်လည်း ထို အာရုံတို့က ရဟန်း၏ စိတ်ကို ဆွဲဆောင်နိုင်ကြသောကြောင့် မတွန့်ဆုတ်သောစိတ်ဖြင့် အားထုတ်နိုင်၏၊ဝိပဿနာ၌ ထင်သောသတိရှိ၏၊ကိုယ်သည် ငြိမ်းအေး၏၊စိတ်သည် တခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌တည်၏ ....

ဤအကျိုးတရားတို့ကိုမြင်၍ အားထုတ်ရမည် ဟု ငါဘုရား မိန့်တော်မူ၏ ဟု ဟော်တော်မူခြင်း ၁၀၉

၂-ခဏသုတ်

၇၈ ။ရဟန်းတို့ တွေ့ထိမှု၏တည်ရာ (ဆဖဿာယတန)ခြောက်ပါးရှိသောဆဖဿာယတနိက ငရဲတို့ကို ငါဘုရားမြင်အပ်ကုန်၏၊ ထိုငရဲတို့၌ မျက်စိဖြင့် အဆင်းအားလုံးကို ကြည့်သော် မလိုလား မနှစ်သက်အပ်သော စိတ်နှလုံးကို မပွါးစေတတ်သော အဆင်းရှုပါရုံကိုသာ မြင်ရ၏၊ လိုလား နှစ်သက်အပ်သော အဆင်းရှုပါရုံကို မမြင်ရ ....

ဆဖဿာယတနိက နတ်ပြည်ကိုလည်း ငါဘုရားမြင်ရ၏၊ ထိုနတ်ပြည်၌ မျက်စိဖြင့် အဆင်းအားလုံးကို ကြည့်ရှုသော် လိုလား နှစ်သက် သာယာဖွယ်ကိုသာ မြင်ရ၏၊ မလိုလား မနှစ်သက်မသာယာသော အဆင်းရှုပါရုံတို့ကို မမြင်ရ (နားစသော အာရုံခြောက်ပါးလုံး နည်းတူ) ....

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ရဟန်းတို့ သင်တို့သည် အရတော်ကြပေ၏၊ အကျင့်မြတ်ကို ကျင့်သုံး ဘို့ရာကောင်းသော အခွင့်အရေးကို ရကြပေ၏ စသည်ဖြင့်ဟောကြား တော်မူခြင်း ၁၁၀

၃-၄-ပ-ဒု-ရူပါရာမသုတ် ၂-သုတ်

၂၉။ ရဟန်းတို့ နတ်လူတို့သည် အဆင်းရူပါရုံ၌သာ မွေ့လျော်ပျော်ပိုက်ကြကုန်၏၊ ယင်းအဆင်း၏ ဖောက်ပြန် ကင်းပျောက် ချုပ်ငြိမ်းမှုကြောင့် ဆင်းရဲစွာ နေကြရကုန်၏၊ ငါဘုရားကား အဆင်း၏ ဖြစ်မှု ချုပ်မှု သာယာဖွယ် အပြစ် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိသောကြောင့် အဆင်း လျှင် ပျော်မွေ့ရာမရှိ၊ အဆင်း၌ဝမ်းမြောက် သာယာမှုမရှိ၊ ငါဘုရား သည် အဆင်း၏ ဖောက်ပြန် ကင်းပျောက် ချုပ်ငြိမ်းခြင်းကြောင့် ချမ်း သာစွာနေရ၏ စသည်ဖြင့် ဟောတော်မူခြင်း ၁၁၂

၅-၆-ပ-ဒု-နတုမ္မာကသုတ်

(စာအမှတ် ၅၃-နတုမ္မာကသုတ်နှင့်တူ၏)

၇-၁၂-အဋ္ဌတ္တအနိစ္စဟေတုစသော ၆-သုတ်

၈၀။ စက္ခုပသာဒသည် မမြဲ၊ စက္ခုပသာဒဖြစ်ခြင်း၏ အကြောင်းအထောက်အပံ့ သည်လည်း မမြဲ၊ မမြဲသောအနိစ္စကြောင့်ဖြစ်သော စက္ခုပသာဒသည် အဘယ်မှာမြဲအံ့နည်း စသည်ဖြင့် ဟောတော်မူခြင်း (ဤသုတ်မှစ၍ ဟော တော်မူအပ်သော ခြောက်သုတ်တို့သည် အတွင်းအာယတန ခြောက်ပါး အပြင်အာယတန ခြောက်ပါးတို့ကို မူတည်၍ ဤသုတ်နည်းတူ ဟော ထားသောသုတ်တို့ ဖြစ်သည်) ၁၁၃

---

(၁၅) ၅-နဝပုရာဏဝဂ်

၁-ကမ္မနိရောဓသုတ်

၁၀။ ရဟန်းတို့ စက္ခုပသာဒ-စသော ပသာဒခြောက်ပါးတို့သည် ကံဟောင်းတို့ မည်၏၊ ယင်းကံဟောင်းတို့ကို (အဝိဇ္ဇာတဏှာစသော) အကြောင်းတရား တို့သည် ကပ်၍ ပြုပြင်စီရင်အပ်ကုန်၏၊ ကံဟုဆိုအပ်သော စေတနာသည် စေ့ဆော်အပ်ကုန်၏၊ ခံစားခြင်း၏ အကြောင်းတည်း ဟု (ဝိပဿနာ) ဉာဏ်ပညာဖြင့် ရှုမှတ်အပ်၏ ....

ယခုဘဝတွင် ကိုယ်နှုတ်စိတ်တို့ဖြင့် အကြင်အကြင်အမှုကို ပြု၏၊ ထိုထို အမှုသည် ကံသစ်မည်၏ ....

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

အကြင်သူသည် ကာယကံ ဝစီကံ မနောကံ တို့၏ ချုပ်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ရောက်၏၊ ယင်းအရဟတ္တဖိုလ်သည် ကံ၏ချုပ်ရာမည်၏

သမ္မာဒိဋ္ဌိစသော မဂ္ဂင်တရား၌သည် ကံ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်မည်၏ ....

ဤလေးပါးကို ငါဘုရားဟောထားပြီးဖြစ်၏၊ အကျိုးစီးပွါးကိုရှာလေ့ရှိသူသည် သစ်ပင်ရင်းစသော ဆိတ်ငြိမ်ရာသို့ကပ်၍ နောင်တ ပူပန်မှုမရှိရအောင် အပမာဒတရားဖြင့် ကြိုးစားကြလေဟု တိုက်တွန်းဆုံမှတော်မူခြင်း.... ၁၁၅

၂-၅-အနိစ္စာဒိနိဗ္ဗာနသပ္ပါယ ၄-သုတ်

၀၂။ ဤငါဘုရား၏ သာသနာတော်၌ စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဏ် စက္ခု-သမ္ဖဿ စက္ခုသမ္ဖဿဇာ သုခ ဒုက္ခ ဥပေက္ခာ ခုနစ်ဌာန (သောတပသာဒ စသည်၌လည်း ခုနစ်ဌာနစီယူ) တို့၌ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုရမည်၊ ဤသို့ရှုမြင်သော ပုဂ္ဂိုလ်သည် နိဗ္ဗိန္ဒာဏ်ရ၍ စွဲမက်မှုကင်းရာ နိဗ္ဗာန်တိုင် မျက်မှောက်ပြုနိုင်ပုံကို ဟောတော်မူခြင်း ၁၁၆

၆-အန္တေဝါသိကသုတ်

၀၃။ ဤသာသနာတော်၌ ရဟန်းအား မျက်စိစသည်ဖြင့် (နား နှာ လျှာ ကိုယ် စိတ် ခြောက်ပါးလုံးယူ)အဆင်း စသည်ကို မြင်သော် ပြေးသွား ကြံစည် တတ်ကုန် နှောင်ဖွဲ့တတ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ ဖြစ်ကုန်၏၊ ယင်းအကုသိုလ်တရားတို့သည် ရဟန်း၏ အတွင်းသန္တာန်၌ ဖြစ်ကြ နေကြကုန်သောကြောင့် အတွင်းနေတပည့်ရှိသူဟု ဆိုအပ်၏ ....

ယင်း အကုသိုလ် တရားတို့သည် ရဟန်းအား လွှမ်းမိုး ကြကုန်သော ကြောင့် ဆရာရှိသူဟု ဆိုအပ်၏ ....

အတွင်းနေ တပည့်မရှိ ဆရာမရှိပဲ အကျင့်မြတ်ကို ကျင့်သုံးနေထိုင် သောရဟန်းအား ချမ်းချမ်းသာသာ နေရပုံ ဟောတော်မူခြင်း အနန္တေ-ဝါသိကံ အနာစရိယကံ ပုဒ်တို့၏ အဆုံးအဖြတ်ကို ပြပုံ ၁၁၇

၇-ကိမတ္ထိယပြဟ္မစရိယသုတ်

၀၄။ "ငါ့ရှင်တို့ သင်တို့သည် အဘယ်အကျိုးငှါ ရဟန်းဂေါတမ ထံတော်၌ မြတ်သောအကျင့်ကို ကျင့်ကြကုန်သနည်း"ဟု သာသနာပ, ပရိဗိုဇ်တို့က အမေးခံရလျှင် "ငါတို့သည် ဆင်းရဲဒုက္ခကို ပိုင်းခြားသိခြင်းငှါ မြတ်သော အကျင့်ကို ကျင့်ကြကုန်၏"ဟု ဖြေကြလေ ....

ယင်း ဆင်းရဲဒုက္ခဟူသည် အဘယ်နည်းဟု မေးခဲ့သော် စက္ခုပသာဒ သည် ဆင်းရဲတည်း (စက္ခုပသာဒ ရူပါရုံ စသော ခုနစ်ဌာနစီဖြင့် စ သော ဃာ ဇီ ကာ မန ခြောက်ပါးလုံး ဟောတော်မူသည်) ယင်း ဆင်းရဲဒုက္ခကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရားထံတော်၌ မြတ်သော အကျင့်ကို ကျင့်ကြကုန်၏ ဟု ဖြေဆိုကြရန် မိန့်တော်မူခြင်း ....

၇-အတ္ထိနုခေါပရိယာယသုတ်

၇။ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကို မြင်ရာ၌ (သောတ ဃာန ဇိဝှါ ကာယ မနတို့ကိုပါ ဟောတော်မူသည်) မိမိ၏အတွင်းသန္တာန်၌ ထင်ရှားရှိ ထင်ရှားမရှိသော ရာဂ ဒေါသ မောဟတို့၏ ထင်ရှားရှိသည် ထင်ရှားမရှိသည်ကို သိ၏ ....

ထင်ရှားရှိ ထင်ရှားမရှိသော ရာဂ ဒေါသ မောဟတို့ကိုလည်း သိ၏၊ ယင်းသို့ သိခြင်းသည် ဉာဏ်ပညာဖြင့်သာ ထိုးထွင်း၍ သိခြင်းဖြစ်၏ ....

အကြောင်းအရာကို စဲ၍ ယုံကြည်စေမှု နှစ်သက်စေမှု တဆင့်ကြားမှု အကြောင်းအရာ ကြံဆမှု စသည်တို့ဖြင့် သိနိုင်သောအရာ မဟုတ်သော ကြောင့် ငါသည် ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်ပြီးပြီ စသည်ဖြင့် အရဟတ္တဖိုလ်ကို ပြောကြားခြင်းငှါ မထိုက်၊ စင်စစ် ရာဂ ဒေါသ မောဟတို့၏ ရှိ မရှိကို ဉာဏ်ပညာဖြင့် ထိုးထွင်း၍ သိသူမှသာ အရဟတ္တဖိုလ်ကို ပြောကြားထိုက်သည် ဟု ဟောတော်မူခြင်း ၁၁၉

၉-ဣန္ဒြိယသမ္ပန္နသုတ်

၈၆။ "မြတ်စွာဘုရား ဣန္ဒြေနှင့် ပြည့်စုံ၏၊ ဣန္ဒြေနှင့် ပြည့်စုံ၏ ဟု ပြောဆိုကြရာ အဘယ်မျှလောက်ဖြင့် ဣန္ဒြေနှင့်ပြည့်စုံပါသနည်း" ဟူသော ရဟန်းတပါး၏ လျှောက်ထားမှုကို—

ရဟန်းသည် စက္ခုန္ဒြေ (သောတိန္ဒြေ။ပ။မနိန္ဒြေ) ၌ ဖြစ်မှု ပျက်မှုကို အဖန်တလဲလဲ ရှုမြင်နေသည်ရှိသော် စက္ခုန္ဒြေ စသည်၌ ငြီးငွေ့မှု စသည်ကို ရ၍ တပ်မက်မှုကင်းခြင်းကြောင့် ရာဂကင်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ကြောင်း ဟောတော်မူခြင်း ၁၂၁

၁၀-ခမ္မကထိကပုဏ္ဏသုတ်

၈၇။ "မြတ်စွာဘုရား ခမ္မကထိက ခမ္မကထိကဟူ၍ ပြောဆိုကြရာ အဘယ်မျှလောက်ဖြင့် ခမ္မကထိကဖြစ်နိုင်ပါသနည်း" ဟူသော ရဟန်းတပါး၏ အမေးကို—

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

မျက်စိစက္ခုပသာဒ စသည်၌ ငြီးငွေ့ခြင်း တပ်နှစ်သက်မှုကင်းခြင်းငှါ စက္ခုပသာဒ စသည်၏ ချုပ်ခြင်းငှါ ဟောစမ်းနိုင်သော ပုဂ္ဂိုလ်ကို ဓမ္မကထိကဟု ဆိုထိုက်ကြောင်း ....

မျက်စိစက္ခုပသာဒ စသည်၌ ငြီးငွေ့ခြင်း တပ်ခြင်းကင်း၍ ချုပ်ငြိမ်းအောင် ကျင့်သော ရဟန်းကို လောကုတ္တရာကိုးပါးအား လျော်သော အကျင့်ကို ကျင့်သောရဟန်း ဟု ဆိုထိုက်ကြောင်း ....

မျက်စိစက္ခုပသာဒစသည်၌ ငြီးငွေ့ခြင်း တပ်ခြင်း ကင်းခြင်း ချုပ်ငြိမ်းခြင်းကြောင့် ဥပါဒါန်တို့ဖြင့် တစုံတခုသောအာရုံ၌ မစွဲလမ်းမူ၍ ကိလေသာတို့မှ လွတ်သူဖြစ်လျှင် ယခုပစ္စုပ္ပန်အတ္တဘောဌ် နိဗ္ဗာန်ကို မျက်မှောက်ပြုသူ ဟု ဆိုအပ်ကြောင်း ဟောတော်မူခြင်း ၁၂၁

---

(၁၆) နန္ဒိက္ခယဝဂ်

၁-၂-အဋ္ဌတ္တဗာဟိရနန္ဒိက္ခယ ၂-သုတ်

၁၈။ မမြဲသည်သာလျှင်ဖြစ်သော စက္ခုပသာဒ (သောတ။ပ။မန) ကို မမြဲဟူ၍ ရှုမြင်ခြင်းသည် ထိုရှုမြင်သော ရဟန်း၏ ကောင်းသော ရှုမြင်ခြင်း သမ္မာဒိဋ္ဌိဖြစ်၏၊ သမ္မာဒိဋ္ဌိဖြစ်လတ်သော် ငြီးငွေ့၏၊ နှစ်သက်မှုကုန်လျှင် ရာဂကုန်၏၊ ရာဂကုန်လျှင် နှစ်သက်မှု ကုန်၏၊ နှစ်သက်ခြင်း တပ်မက်ခြင်း ကုန်လျှင် စိတ်သည် ကောင်းစွာ လွတ်မြောက်ပြီဟု ဆိုအပ်၏ ဟု ဟော တော်မူခြင်း ....

(၂-သုတ်မှာ ရှုပါရုံစသော အာရုံခြောက်ပါးကို ဤသုတ်အတိုင်း ဟောတော်မူသည်) ၁၂၃

၃-၄-ဇီဝကမ္မဝနသမာဓိ ၂-သုတ်

၁၉။ စက္ခုပသာဒ ရှုပါရုံစသော တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းကြကုန်၍ ၎င်းတရားတို့၏ မမြဲသည်၏ အဖြစ်ကို ဟုတ်တိုင်းမှန်စွာ အဖန်တလဲလဲ ရှုကြကုန်သော် စက္ခုပသာဒစသည်၌ ငြီးငွေ့၍ နန္ဒီရာဂ ကုန်ရာ နိဗ္ဗာန်ရပုံဟောတော်မူခြင်း ၁၂၃

၅-၆-ဇီဝကမ္မဝနသမာဓိ ၂-သုတ်

၂၀။ သမာဓိကိုပွါး၍ တည်ကြည်သော ရဟန်း၏ဘဏ္ဍာ စက္ခုပသာဒ စသည်၏ မမြဲပုံကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ကြောင်း ဟောတော်မူခြင်း ၁၂၄

၇-ဂ-၉-ကောဋ္ဌိကအနိစ္စာဒိ-၃ သုတ်

၉၁။ အကျဉ်းချုပ်အားဖြင့် တပည့်တော်အား တရားဟောတော်မူပါ၊ တယောက်တည်းတည်းတရားနှင့်နေလိုပါကြောင်းအရှင်ကောဋ္ဌိကကလျှောက်ထားရာ (ကောဋ္ဌိက စက္ခုပသာဒစသော သဘောတရားတို့သည်) မမြဲ ဆင်းရဲအတ္တမဟုတ်သော စက္ခုပသာဒစသော သဘောတရားတို့၌ ဆန္ဒရာဂကို ပယ်ရမည် စသည်ဖြင့် ဟောတော်မူခြင်း ၁၂၅

၁၀-၁၁-၁၂-မိစ္ဆာဒိဋ္ဌိပဟာနာဒိ ၃-သုတ်

၉၂။ မြတ်စွာဘုရား အဘယ်သို့သိသို့သူ အဘယ်သို့ မြင်သူသည် မိစ္ဆာဒိဋ္ဌိကို ပယ်အပ်ပါသနည်းဟု ရဟန်းတပါ းလျှောက်ထားရာ ....

ရဟန်း စက္ခုပသာဒ ရူပါရုံစသည်ကို မမြဟူ၍ ဝါ-မမြဲသောအားဖြင့် သိမြင်သူသည် မိစ္ဆာဒိဋ္ဌိကို ပယ်အပ်၏ဟု ဟောတော်မူခြင်း .... (သက္ကာယဒိဋ္ဌိ-အတ္တာနုဒိဋ္ဌိတို့လည်း နည်းတူ) ၁၂၆

---

(၁၇) ၂-သဋ္ဌိပေယျာလဝဂ်

၁-အဇ္ဈတ္တအနိစ္စဆန္ဒသုတ်

၉၃။ မမြဲ ဆင်းရဲ အတ္တ မဟုတ်ကြကုန်သော စက္ခုပသာဒစသည်၌ ဆန္ဒရာဂကို ပယ်ရမည် စသည်ဖြင့် ဟောတော်မူခြင်း ၁၂၇

(ဤသဋ္ဌိပေယျာလဝဂ် အဆုံးတိုင် ရေးသားရန် အထူးမရှိ၊ ဤ သုတ် အလားတူပင် ဖြစ်သည်၊ အာယတန ၁၂-ပါးတို့ကို အနိစ္စ ဒုက္ခ အနတ္တ အားဖြင့်ရင်း အတိတ် အနာဂတ် ပစ္စုပ္ပန်အားဖြင့်ရင်း ဝေဖန်၍ဟောတော်မူသည်)

---

(၁၈) ၃-သမုဒ္ဒဝဂ်

၁-ပဌမသမုဒ္ဒသုတ်

၉၄။ ရဟန်းတို့အကြား အမြင်မရှိသော ပုထုဇဉ်တို့ ပြောဆိုကြသော သမုဒ္ဒရာဟူသော စကားသည် ငါဘုရား သာသနာ့ အမြင်ဖြင့် သမုဒ္ဒရာမဟုတ် များပြားသော ကြီးကျယ်သော ရေစု-ရေပြင်ကြီးသာ ဖြစ်၏ ....

သတ္တဝါ၏ စက္ခုပသာဒ မျက်စိအကြည် (သောတ။ပ။ မနတို့လည်း နည်းတူ)သည်သာလျှင်သမုဒ္ဒရာမည်၏၊ ထိုမျက်စိသမုဒ္ဒရာ၌ ရူပါရုံစသည် ကြောင့်ဖြစ်သော ကိလေသာသို့ငင်းတံပိုး ကိလေသာဝဲ ကိလေသာငါးမကန်း

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ရက္ခိုဿ်တို့ကို သည်းခံနိုင်စွမ်းသော ပုဂ္ဂိုလ်ကို သံသရာ ဇာည်းဟူသော ရေအယဉ်ကို ကူးမြောက်၍ နိဗ္ဗာန် တည်းဟူသော ကမ်းတဘက်ရောက်သူ ဟု ဆိုအပ်ကြောင်း ၁၃၂

၂-ဒုတိယသမုဒ္ဒသုတ်

၉၅။ အလိုရှိအပ်၍ နှစ်သက်မြတ်နိုး ခင်မင်တွယ်တာသာယာဖွယ်ရာ ရှုပါရုံစသော အာရုံခြောက်ပါးတို့ကို မဟာသမုဒ္ဒရာ ခေါ်အပ်ပုံ၊ ရှုပါရုံ စသည်တို့၌ သာယာတွယ်တာကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့ ရှုပါရုံစသော အာရုံခြောက်ပါး သမုဒ္ဒရာ၌ နစ်မြုပ်နေကြရပုံ ....

ယင်းအာရုံတို့၌ သာယာတွယ်တာမှုကင်းသော လူ နတ် ဗြဟ္မာ သတ္တဝါတို့ သံသရာတည်းဟူသော သမုဒ္ဒရာမှ ကူးမြောက်၍ နိဗ္ဗာန်ကမ်းသို့ ဆိုက်ရောက်ကြပုံ ဟောတော်မူခြင်း ၁၃၁

၃-ဗာဠိသိကောပမသုတ်

၉၆။ ဗာဠိသိက အာမိသစက္ခု ပုဒ်တို့ကို ရှင်းပြခြင်း၊ အစာတပ်၍ ထားအပ်သော တံငါသည်၏ ငါးများချိတ်ကို မျိုမိသော ငါးသတ္တဝါသည် တံငါသည်၏ အလိုရှိတိုင်း ညှဉ်းပန်းနှိပ်စက်မှုတို့ကို ခံရ၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့ ထို့အတူ နှစ်သက်သာယာ မြတ်နိုးဖွယ် ကောင်းသော ရှုပါရုံစသော အာရုံတို့၌ နှစ်သက်သာယာ တွယ်တာလိုက်စားမိသော ရဟန်းသည် ကိလေသာမာရ်၏ အလိုရှိသလို ပြုလုပ်မှုကို ခံရ၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရပုံ ....

ယင်း သာယာဖွယ်ရာ အာရုံတို့ကို နှစ်သက်တွယ်တာ သာယာမှုကင်းသော ရဟန်းသည် ကိလေသာမာရ်၏ ညှဉ်းဆဲမှု စသည်ကို မခံရပဲ ချမ်းသာစွာ နေရပုံ ဟောတော်မူခြင်း ၁၃၄

၄-ခီရရုက္ခောပမသုတ်

၉၇။ ပျိုမြစ်နုနယ်၍ အစေးရှိသော ညောင်ဗုဒ္ဓဟေပင် ညောင် ညောင်ကြပ် ရေသဖန်း သစ်ပင်တို့ကို တစုံတယောက်က ထက်လှစွာသော ခဲမဖြင့် ခုတ်ထစ်ပါမူ ခုတ်လိုက်သော နေရာတိုင်းမှ အစေးထွက်ရာ၏၊ ဤသို့ ထွက်ခြင်းသည် အစေးရှိနေသောကြောင့်တည်း ....

ဤအတူ ရာဂ ဒေါသ မောဟ ရှိ၍ ယင်း ရာဂ ဒေါသ မောဟတို့ကို မပယ်ရသေးသော တဦးတယောက်သော ရဟန်းယောကျ်ားအား၎င်း ရဟန်းမိန်းမအား၎င်း စကျွတ်ညာဏ်ဖြင့် မြင်အပ်သော အနည်းငယ်မျှသော ရှုပါရုံတို့က ထိခိုက်လာစေကာမူ ထို ရဟန်းယောကျ်ား ရဟန်း

မိန်းမတို့၏ စိတ်ကို ဆွဲဆောင် လှုပ်မိုးနိုင်ကုန်၏၊ ကြီးကျယ်သော အာရုံတို့ ထိခိုက်ပါမူ ဆိုဘွယ်ရာမရှိတော့၊ အကြောင်းကား ရာဂ ဒေါသ မောဟတို့ကို မပယ်ရသေးသောကြောင့်တည်း (သောတ။ ပ။ မန တို့လည်း နည်းတူ) ....

ဆွေးမြေ့ခြောက်သွေ့.၍နေသော ညောင်ဗုဒ္ဓဟေစသော သစ်ပင်တို့ကို ခေါ်းမဖြင့် ခုတ်ထစ်သော်လည်း အစေးမရှိ၍ မထွက်တော့ သကဲ့သို့ ထိုအတူ ရာဂ ဒေါသ မောဟတို့မရှိသော (မင်္ဂ စသည်ဖြင့်) ပယ်သတ်ပြီးသော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့အား စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော ငယ်သော ကြီးသော ရူပါရုံတို့ ထိခိုက်ကြသော်လည်း စိတ်ကို မဆွဲဆောင် မလှုပ်မိုးနိုင်ကြောင်း ဟောတော်မူခြင်း ၁၃၅

၅-၆-ကောဋ္ဌိကကာမဘူ ၂-သုတ်

၉၈။ ငါ့ရှင် သာရိပုတ္တရာ စက္ခုပသာဒသည် ရူပါရုံတို့၏ အနှောင်အဖွဲ့ သံယောဇဉ် ဖြစ်ပါသလော၊ ရူပါရုံတို့သည် စက္ခုပသာဒ၏ အနှောင်အဖွဲ့ သံယောဇဉ် ဖြစ်ပါသလော ဟု အရှင်ကောဋ္ဌိက မေးလျှောက်ရာ ....

ငါ့ရှင် ကောဋ္ဌိက စက္ခုပသာဒ ရူပါရုံတို့သည် အချင်းချင်း သံယောဇဉ် မဖြစ်ကြ၊ ထိုနှစ်ပါးစုံကိုစွဲ၍ ဖြစ်ပေါ်လာသော အားကြီးသော ဆန္ဒရာဂသာ သံယောဇဉ်ဖြစ်သည်၊ ထိုဆန္ဒရာဂကို ပယ်ခြင်းအကျိုးငှါ မြတ်သောအကျင့်ကို ကျင့်ကြရသည် ....

ဥပမာ နွားနက်နှင့် နွားဖြူ နှစ်ကောင်ကို ကြိုးတချောင်းတည်းဖြင့် ချည်နှောင်ထားရာ၌ နွားနက်သည် နွားဖြူ၏, နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့မဟုတ်၊ ချည်နှောင်သောကြိုးကသာ ထိုနှစ်ကောင်လုံး၏ အနှောင်အဖွဲ့ဖြစ်သကဲ့သို့ မှတ်ရာ၏ ဟု အရှင်သာရိပုတ္တရာ ဖြေတော်မူပုံ ၁၃၇

(ကာမဘူသုတ်လည်း နည်းတူ)

၇-ဥဒါယီသုတ်

၉၉။ ငါ့ရှင်အာနန္ဒာ ဘုရားရှင်သည် "ဤခန္ဓာကိုယ်သည် အလိုသို့မလိုက် အစိုးမရ အနှစ်သာရမရှိသောကြောင့် အနတ္တမည်၏"ဟု အကြောင်းပရိယာယ် အမျိုးမျိုးဖြင့် ဟောကြားတော်မူသကဲ့သို့ စိတ်ဝိညာဏ်ကိုလည်း အနတ္တမည်၏ဟု ဟောကြားဝေဖန်ခြင်းငှါ တတ်ကောင်းပါမည်လော ဟူသော အရှင်ဥဒါယီ၏ လျှောက်ထားချက်ကို—

ငါ့ရှင်ဥဒါယီ ဝိညာဏ်ကိုလည်း အနတ္တမည်၏ ဟု ဟောကြားဝေဖန်ခြင်းငှါ တတ်ကောင်းသည်သာတည်း ....

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ငါ့ရှင်ဥဒါယီ စက္ခုပသာဒနှင့် ရူပါရုံတို့ ပေါင်းဆုံမိခြင်းကြောင့် စက္ခု ဝိညာဏ်စိတ် ဖြစ်ပေါ် သည်၊ ယင်းစက္ခုဝိညာဏ်ဖြစ်ပေါ် ဘို့ရာ အကြောင်း အထောက်အပံ့သည် ရှိ၏၊ ထို အကြောင်း အထောက် အပံ့ ဟူသမျှတို့ အချင်းခပ်သိမ်း အကြွင်းအကျန်မရှိအောင် ချုပ်ငြိမ်းခဲ့သော် စက္ခု ဝိညာဏ်စိတ် ထင်ရှားမရှိနိုင်တော့ပေ၊ ဤအကြောင်းကို ထောက်ဆ၍ ဘုရားရှင်က ဝိညာဏံ အနတ္တာဟု ဟောတော်မူရကြောင်း ....

ဖူးတံမထွက်သေးသော ငှက်ပျောတုံး၌ ဓားမဖြင့်ခုတ်၍ ခုတ်၍ အနှစ်သာရရှာသူသည် အကာမျှကိုပင် မရနိုင်သလို—

ဖဿာယတနခြောက်ပါးတို့၌ ငါ, ငါ၏ဥစ္စာအနေအား ဖြင့် မရှုသော ရဟန်းသည် အနှစ်သာရ ဘာတခုမျှ ရှာမရသဖြင့် လောက၌ တစုံတခု ကိုမျှ မစွဲလမ်း မတောင့်တ, မတောင့်တသော် ကိုယ်တိုင် ကိလေသာ ငြိမ်းပုံ ရှင်အာနန္ဒာ ဟောတော်မူခြင်း ၁၄၀

ဂ-အာဒိတ္တပရိယာယသုတ်

၁၀၀။ (မိမှ ယောကျ်ားစသော) အပေါင်းအမှတ်အသား (လက်ခြေသဏ္ဌာန် ပြုံးရယ်ဟန်စသော) အသေးစိတ်အမှတ်အသား၌ သာယာခြင်းဖြင့် နှောင်ဖွဲ့အပ်သော ကမ္မဝိပါက်ဝိညာဏ်သည် တည်ဆဲခဏ၌ စုတေခဲ့သော် ငရဲ တိရစ္ဆာန် ဂတိနှစ်ပါးတို့တွင် တပါးပါးသော ဂတိသို့ လားရာသော အကြောင်းရှိ၍ စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော ရူပါရုံတို့၌ (လက် ခြေသဏ္ဌာန် ပြုံးရယ်ဟန်စသော) အသေးစိတ်အမှတ်အသား (မိမှ ယောကျ်ား စသော) အပေါင်း အမှတ်သားကို ယူခြင်းထက် အလျှံ တပြောင်ပြောင် တောက်လောင်၍နေသော သံချောင်း ထက်လှစ္စာသော သံဆူးတံကျင် စသည်ဘို့ဖြင့် မျက်စေ့ နား နှာခေါင်း စသည်တို့ကို ထိုး ဖောက်ခြင်းခံရသည်က မြတ်သေးကြောင်း ဟောတော်မူပုံ (သောတ စသည်နည်းတူ) ....

အသက်ရှင်သူ၏ ကြံစည်တွေးတောမှုသို့ လိုက်၍ သံဃာသင်းခွဲမှုကို သော်လည်း ပြုတတ်သော အပြစ်ကိုမြင်၍ အသက်ရှင်သူတို့၏ အမြဲ အသက်ရှင်သူတို့၏ အကျိုးမရှိခြင်း အသက်ရှင်သူတို့၏ တွေ့ဝေခြင်းဟူ၍ ဟောတော်မူအပ်သော အိပ်ပျော်နေခြင်းကပင် အသက်ရှင်သူထက် မြတ် ပုံနှင့် အကြား အမြင်နှင့် ပြည့်စုံသော အရိယသာဝကသည် အလှျ တပြောင်ပြောင် တောက်လောင်၍နေသော သံချောင်းဖြင့် မျက်စိကို ထိုးဖောက်သည်ကို ထားဘိဦး (မထိုးပဲနှင့်လည်း) မျက်စိသည် မမြဲ၊ ရူပါရုံ စသည်တို့လည်း မမြဲကုန် စသည်ဖြင့် နှလုံးသွင်းလျှင် နိဗ္ဗိန္ဒာဏ် စသည်ကိုရ၍ နိဗ္ဗာန်တိုင် မျက်မှောက်ပြုနိုင်ကြောင်း ဟောတော်မူခြင်း ၁၄၂

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၉-၁၀-ပ-ဒု ဟတ္ထပါဒေါပမသုတ်

၁၀၁။ ရဟန်းတို့ လက်ရှိလျှင် ယူခြင်း ချခြင်း, ခြေထောက်ရှိလျှင် ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း, အဆစ်တို့ရှိလျှင် ကွေးခြင်း ဆန့်ခြင်း, ဝမ်းပိုက်ရှိလျှင် ဆာလောင်မွတ်သိပ်ခြင်း ရှိကြသကဲ့သို့ ထိုအတူ စက္ခုရှိသော် စက္ခု-သမ္ဖဿကြောင့် ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ သုခ ဒုက္ခဝေဒနာတို့ ဖြစ်ကြသည် ....

လက်စသည် မရှိက ယူငင်မှုစသောကိစ္စတို့ မရှိနိုင်ကြသကဲ့သို့ စက္ခုမရှိသော် စက္ခုသမ္ဖဿကြောင့်ဖြစ်သော သုခ ဒုက္ခမဖြစ်ဟု ဟောတော်မူပုံ.... ၁၄၅

---

(၁၉) ၄-အာသီဝိသဝဂ်

၁-အာသီဝိသောပမသုတ်

၁၀၂။ မြွေလေးကောင်ကား မဟာဘုတ် လေးပါး၊ သူသတ်သမား ငါးယောက်ကား ဥပါဒါနက္ခန္ဓာငါးပါး၊ ခြောက်ယောက်မြောက် အတွင်းသူလျှိုကား နှစ်သက်စံလမ်းတတ်သော နန္ဒီရာဂ၊ ရွာပျက်ကား အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ရွာကိုဖျက်ဆီးတတ်သော ခိုးသားဓားပြကား ဗာဟိရာယတန ခြောက်ပါး၊ မဟာသမုဒ္ဒရာကား သြဃလေးပါး၊ ဤမှာဘက်ကမ်းကား ထင်ရှားသော ဥပါဒါနက္ခန္ဓာငါးပါး၊ ဟိုမှာဘက်ကမ်းကား နိဗ္ဗာန်တည်း၊ ဖောင်ကား မဂ္ဂင်ရှစ်ပါး၊ လက်ခြေတို့ဖြင့် အားထုတ်ကူးခြင်းကား ဝီရိယ၊ ကူးမြောက်ပြီးသူကား ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြောင်းကို—အသက်ရှည်ရှည် ချမ်းသာစွာနေလိုသော သူသည်လျင်မြန်ထက်မြက်ပြင်းထန်သော မြွေလေးကောင်တို့မှ ကြောက်သဖြင့် ခြေဦးတည့်ရာသို့ ပြေးနေစဉ် သူသတ်ယောကျ်ားငါးယောက်တို့နှင့် နောက်ထပ် ခြောက်ယောက်မြောက် အတွင်းရန်သူ သူလျှို သူသတ်သမားတို့ယောက်တို့က သံလျက်မိုးလျက် သတ်ရန် နောက်မှလိုက်နေကြောင်း သိရပြန်၍ ဆက်ပြေးပြန်ရာ အိုးခွက်စသည် ဘာမျှမရှိသော ရွာပျက်ကြီးတခုသို့ ဝင်ရောက်မိလေ၏၊ တဖန် တိုရွာပျက်ကြီးကို ဖျက်ဆီးတတ်သော ခိုးသားဓားပြတို့ ရောက်လာကြောင်း ထပ်မံကြားသိရ၍ တဖန်ဆက်လက်ပြေးပြန်လေသော် နက်ကျယ်သော ရေပင်လယ်ကြီး ဆီးတားနေသည်ကို တွေ့လေ၏ ....

ဤမှာဘက်ကမ်းတွင် ရန်သူဘေးဆိုးပေါသလို ဟိုမှာဘက်ကမ်းတွင် ရန်သူမရှိ အေးချမ်းသာယာမှု ရှိသည်ကို သိရလေသော် ကူးဖို့ရာလှေ ဖောင် တံတားမရှိသဖြင့် မျက် ထင်း သစ်ရွက်တို့ကို စုရုံး ဖောင်ဖွဲ့၍

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

လက်ခြေတို့ဖြင့် အားထုတ်ကူးခတ်လေရာ ဘေးကင်းသော ဟိုမှာဘက် ကမ်းသို့ ဆိုက်ရောက်သောသူနှင့် ဥပမာပြ၍ ဝေဝေဆာဆာ ဟောတော် မူပုံ ၁၄၆-၉

၂-ရထောဝပမသုတ်

၁၀၃။ ကျွမ်းကျင်လိမ်မာ၍ နိုင်နင်းစွာ တတ်မြောက်ပြီးသော ရထားထိန်းသည် အာဇာနည်မြင်းကသော ရထားကို ရွှေသို့ဘိုးခြင်း, နောက်သို့ဆုတ်ခြင်း လိုရာအရပ်သို့ ဖြောင့်မတ်စွာသွားစေနိုင်ခြင်း စသည်ဖြင့် နိုင်နင်းစွာ စွမ်း ဆောင်နိုင်သကဲ့သို့ ရဟန်းသည် စက္ခုစသော ဣန္ဒြေတို့ကို နိုင်နင်းအောင် ဆုံးမ၍ ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသူဖြစ်အောင် ကျင့်သင့်ပုံ (၁)

"အနာ အသားနုတက်အောင် ဆေးလိမ်းပေးရသကဲ့သို့ငင်း ဝန်ထမ်း နိုင်အောင် လှည်းဝင်ရိုးကို ဆီထည့်ရသကဲ့သို့ငင်း ခန္ဓာကိုယ် တည်တံ့ခိုင်မြဲ၍ ပရိယတ် ပဋိပတ်ဝန်ကို ဆောင်နိုင်ရန် စားသုံးရသည်"ဟု ဆွမ်း ဘောဇဉ်စသည် သုံးဆောင်ချဉ်၌ တပ်မက်မှုကင်း၍ ဘောဇနေမတ္တညုတာ ဖြစ်အောင် ကျင့်သုံးသင့်ပုံ (၂)

ညဉ့်သုံးယာမ်တယာမ်သာ ဥဋ္ဌာနသညာဖြင့် အိပ်စက်၍ ကြွင်းကျန် သောအချိန်တို့၌ သတိသမ္ပဇည တရားဖြင့် မမေ့မလျော့အားထုတ်ခါ 'ဇာဂရိယာနုယောဂ' ဖြစ်အောင် အားထုတ်သင့်ပုံ (၃)

ဤတရားသုံးပါးနှင့် ပြည့်စုံသော ရဟန်းသည် ယခုပစ္စက္ခအတ္တဘောဌ် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနေရ၍ အာသဝေါတရားတို့၏ ကုန်ရာ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်း၏ အကြောင်း အထောက်အပံ့ ဖြစ်ကြောင်း ဟောတော်မူခြင်း ၁၅၀

၃-ကုမ္မောပမသုတ်

၁၀၄။ မြေခွေးသည် လိပ်ကိုဦးခေါင်းနှင့် ခြေလက်တို့ တခုခုထွက်လာလျှင် ကိုက်ဖြတ်၍ အခံ့ပါ ခွါစားရန်စောင့်နေလေရာ လိပ်သည်လက်ခြေအင်္ဂါတို့အပြင် ဘက်သို့ မထွက်စေဲ သတိနှင့်ငြိမ်သက်စွာ လိပ်ခံ့တင်းသွင်း၍နေသဖြင့် ကြာရှည်မစောင့်နိုင်သော မြေခွေးသည် လက်လျှော့ပြီး ထိုလိပ်မှ ဖဲသွား ရသလို၊ကိလေသာမာရ်နတ်သည်"ရဟန်းတို့၏ မျက်စိမှၿငင်း။ပ။ စိတ်မှၿငင်း အခွင့်ကိုရရာ၏"ဟု စောင့်လျက် နေရာ "မျက်စိဖြင့် အဆင်းကိုမြင်လျှင် မိန်းမ-ယောကျ်ား စသော အပေါင်း အမှတ်အသား လက်ခြေသဏ္ဌာန် ပြုံးရယ်ဟန် စသော အသေးစိတ် အမှတ်အသား၌ စွဲလမ်းမှု မရှိကြကုန်ပဲ သတိဖြင့် စက္ခု စသော ဣန္ဒြေတို့ကို စောင့်စည်း၍နေကြပါက ကိလေသာ မာရ်သည်သည်း သင်တို့မှ ဖဲသွားလတ္တံ့ ဟု" ဟောတော်မူခြင်း ... ၁၂

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၄-၅-ပ-ဒု-ဒါရုက္ခန္ဓောပမသုတ်

၁၀၅။ မြတ်စွာဘုရားသည်ကောသမ္မီပြည် ဂင်္ဂါမြစ်ကမ်းနားဌ သီတင်းသုံးတော်မူစဉ် ဂင်္ဂါမြစ်၏ ရေအယဉ်၌ မျောလာသော သစ်တုံးကြီးကိုပြ၍ ထိုသစ်တုံးကြီးသည် ဟိုဘက် ဤဘက် ကမ်းနှစ်ဘက်မှာ မတင်, ရေလယ်မှာမမြုတ်, သောင်ကုန်းမှာမတင်, လူ နတ်တို့မဆယ်, ဝဲထဲမှာလည်း မမြုတ်, ဆွေးပုတ်မှု မရှိသည် ဖြစ်အံ့၊ ဂင်္ဂါမြစ်၏ ရေအယဉ်သည် သမုဒ္ဒရာသို့ ညွတ်လျက် ရှိသောကြောင့် ထိုသစ်တုံးကြီးသည် သမုဒ္ဒရာသို့သာ ညွတ်ကိုင်းလျက် ရှိ၏ ....

ဤဥပမာအတူ သင်တို့သည်လည်း ဟိုဘက်ကမ်း ဤဘက်ကမ်းစသည်မှာ မတင်က သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်သို့ ညွတ်ကိုင်းလျက်ရှိသောကြောင့် နိဗ္ဗာန်သို့သာ ညွတ်ကိုင်းလျက် ရှိကြပုံကို ဟောတော်မူခြင်း ....

ရဟန်းတပါးက အထက်ပါ အဓိပ္ပါယ်ကို ဝေဖန် ဟောကြားရန် တောင်းပန်သဖြင့် အထက်ပါ ဥပမာကို ရှင်းလင်းဟောကြားတော်မူသည်မှာ အဇ္ဈတ္တိကာယတန ခြောက်ပါးကို ဤမှာဘက်ကမ်း, ဗာဟိရာယတန ခြောက်ပါးကို ဟိုမှာဘက်ကမ်း၊ နန္ဒီရာဂကို ရေလည်၌ နှစ်မြုတ်ခြင်း, ငါဟု ထောင်လွှား တက်ကြွသော မာနကို ကုန်းဌတင်ခြင်း၊ လူတို့နှင့် ရောနှော၍ 'သဟာသောဂီ' 'သဟာနန္ဒီ' ဖြစ်သော နေခြင်းကို လူဆယ်ခြင်း၊ မိမိ၏ အကျင့်သီလဖြင့် နတ်အဖြစ်ကို တောင့်တခြင်းကို နတ်ဆယ်ခြင်း၊ ကာမဂုဏ်ငါးပါး လိုက်စားနစ်မြုတ်ခြင်းကို ဝဲမြုတ်ခြင်း၊ သီလမရှိခြင်း၊ သီလရှိယောင်ဟန်ဆောင်ခြင်း၊ အသမဏဖြစ်လျက် ရဟန်းဟု ဝန်ခံခြင်းကို ကိုယ်တွင်းဆွေးပုပ်ခြင်းဟု ဤသို့ ဥပမာ ဥပမေယျစပ်၍ အကျယ်ဟောတော်မူပုံ ....

ဤတရားကို ဟောတော်မူစဉ် နန္ဒ အမည်ရှိသော နွားကျောင်းသားနာကြား နှစ်သက်၍ ရဟန်းအဖြစ်တောင်းပုံ၊ ရဟန်းပြုပြီး မကြာမြင့်မီ ရဟန္တာဖြစ်ပုံ ၁၅၃

၆-အဝဿုတပရိယာယသုတ်

၁၀၆။ ဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာကီဝင်တို့ဆောက်လုပ်ပြီး စ, အာသစ်ဖြစ်သော ညီလာခံစရပ်၌ သီတင်းသုံးရန် သာကီဝင်တို့ လျှောက်ထားမှုကို လက်ခံတော်မူ၍ ညဉ့်ဦးယာမ် မဇ္ဈိမယာမ်တို့ပတ်လုံး ရဟန်းပရိသတ် သာကီဝင်ပရိသတ်တို့အား တရားဟောတော်မူ၍ တရားပွဲအပြီး သာကီဝင်ပရိသတ်တို့ပြန်ကြရာ ရဟန်းတို့၏ ငိုက်မည်းခြင်းကင်းသည်ကို သိတော်

ဦးရေ	အကြောင်းအရာ	မျက်နှာအမှတ်
	မူ၍ အရှင်မောဂ္ဂလ္လာန်အား တရားဟောရန်လွှဲအပ်ပြီးလျှင် ခါးတော်နာမှုကို ပယ်ဖျောက်ခြင်းငှါ အပန်းဖြေကျိန်းစက်တော်မူပုံ	၁၅၃
	အရှင်မောဂ္ဂလ္လာန်သည် ရဟန်းတော်တို့အား ကိလေသာစိုစွတ်သူ မစိုစွတ်သူနှစ်ပါးခွဲခြား၍ ဟောတော်မူပုံ	
၁။	မျက်စိဖြင့် အဆင်းကိုမြင်ရာ၌ နှစ်သက်သာယာဖွယ်ကို မြင်ရလျှင် တပ်မက်၏၊ မနှစ်သက်ဖွယ်ကိုမြင်ရလျှင် အမျက်ထွက်၏၊ မိမိခန္ဓာကိုယ်၌ထင်သော သတိမရှိသူသည်ယုတ်ညံ့သောအကုသိုလ်စိတ်ဖြစ်လျက်နေ၏၊ ဖြစ်ပြီးဖြစ်ဆဲ အကုသိုလ်တရားတို့၏ အကြွင်းမဲ့ချုပ်ငြိမ်းရာ ကိလေသာတို့မှ လွတ်မြောက်ရာ အရဟတ္တဖိုလ် သမာဓိနှင့် အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာသိ၊ ဤကဲ့သို့နေလေ့ရှိသော ရဟန်းကို (အာရုံခြောက်ပါး) တို့၌ ကိလေသာဖြင့် စိုစွတ်သူဟု ဆိုအပ်၏၊ ဤသို့နေလေ့ရှိသော ရဟန်းကို မာရ်သည် မျက်စိစသည်မှ ကပ်ရောက်နိုင်၏	
	ဥပမာအားဖြင့် ခြောက်သွေ့ဆွေးမြေ့နေသော ကြူအိမ်မျက်မိုးအိမ်ကို မီးရှူးကိုင်သူကပ်ရောက်လာက လောင်ရန်အခွင့်ကို အလွယ်တကူရသကဲ့သို့တည်း စသည်ဖြင့် ဟောတော်မူပုံ	
၂။	မျက်စိဖြင့် အဆင်းကိုမြင်ရာ၌ မနှစ်သက် အမျက်မထွက်၊ ကိုယ်၌ထင်သော သတိရှိလျက် ယုတ်ညံ့သော အကုသိုလ်စိတ်တို့ အဖြစ်မခံ၊ အကုသိုလ်တို့ချုပ်ရာ ကိလေသာတို့မှလွတ်မြောက်ရာ အရဟတ္တဖိုလ်သမာဓိနှင့် အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာသိအောင် အားထုတ်နေထိုင်သောရဟန်းကို မာရ်သည် ကပ်ရောက်လွှမ်းမိုးခွင့်မရ၊ ရဟန်းကသာ အဆင်းစသည်တို့ကို လွှမ်းမိုးနိုင်သည် ဤသို့နေလေ့ရှိသောရဟန်းကို ကိလေသာဖြင့် မစိုစွတ်သူဆိုအပ်ကြောင်း၊ ဥပမာအားဖြင့် ထူထဲသောမြေဆိုင် အင်္ဂတေတို့ဖြင့် ဆောက်လုပ်ထားသော ကျောင်းဇရပ်စသည်ကို မျက်မီးရှူးဖြင့် ကပ်ရောက်လာစေကာမူ အလွယ်တကူ လောင်ကျွမ်းခွင့်မရသကဲ့သို့တည်း စသည်ဖြင့် အကျယ်ဟောကြားတော်မူပုံ....	
	တရားအဆုံး၌ ဘုရားရှင်ကောင်းခြီးပေး၍ သာဓုခေါ်တော်မူခြင်း....	၁၆၁

၇-ဒုက္ခဓမ္မသုတ

၁၀၆။	ရဟန်းသည် အလုံးစုံသော ဆင်းရဲခြင်းသဘော ဆင်းရဲကြောင်းဖြစ်သော ဒုက္ခဓမ္မ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်စွာ သိမြင်ပုံ၊ ဝတ္ထုကာမတို့၌ လိုချင်တပ်မက်မှု ကာမအစေး ကာမတွေဝေမှု ကာမပူလောင်မှု မကိန်းပုံ၊ ထိုသို့လိုချင် တပ်မက်မှုစသည်မကိန်းအောင် ကျင့်နေသူကို ယုတ်မာသောအလိုကြီးခြင်း နှလုံးမသာယာခြင်း၏ အကုသိုလ်တရားတို့ အစဉ်လိုက်၍မနှိပ်စက်ပုံ မကိန်းပုံကို ဘုရားရှင် ဟောတော်မူခြင်း	၁၆၁-၂

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၀၇။ "ဤကား ရူပ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်း၊ဤကား ရူပ်စသည်၏ ဖြစ်ခြင်းဖြစ်ကြောင်းတည်း၊ ချုပ်ခြင်းချုပ်ကြောင်းတည်း"ဟု သိသော ရဟန်းသည် အလုံးစုံသောဆင်းရဲခြင်းသဘောဒုက္ခဓမ္မတို့ကို သိသူမည်၏ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၆၂

၁၀၈။ ၎ "ဤမီးကျီးတွင်းသို့ အကယ်၍ကျလျှင် သေခြင်း သေလုနီးပါးဆင်းရဲသို့ ရောက်ရမည်" ဟု သိသော အသက်ရှင်လို မသေလို ချမ်းသာလိုသော ယောကျ်ားသည် မိမိ၏ လက်မောင်းတို့ဌ အားရှိသူ ယောကျ်ား နှစ်ယောက်တို့ကိုင်၍ တသူကျော်နက်သော မီးကျီးတွင်းသို့ ဆဲငင်ကုန်ရာထိုထိုဤဤ ကိုယ်ကို ကိုင်းညွတ်ရှန်းကန်သကဲ့သို့ ကာမတို့ကို မီးကျီးတွင်းနှင့် တူကုန်၏ ဟု သိမြင်အပ်ကုန်သော ရဟန်း၏ သန္တာန်၌ ကာမစ္ဆန္ဒလိုချင်တပ်မက်မှုစသည် မကိန်းပုံကို ဟောတော်မူခြင်း ၁၆၃

၁၀၉။ "အရှေအနောက်တောင်မြောက် အထက်အောက်အားဖြင့် များစွာ ဆူးရှိသော တောသို့ဝင်သူသည် ၎ါကို ဆူးမစူးပါစေနဲ့" ဟု သတိရှိထားလျက် ရှေတိုးနောက်ဆုတ်သကဲ့သို့ လောကဌ ချစ်ဖွယ်သာယာဖွယ် ပီယရုပ် သာတရုပ်သည် ၎ါဘုရား၏အဆုံးအမတော်၌ ဆူးဟုဆိုအပ်ပုံကို သိ၍ စောင့်စည်းခြင်း သံဝရ, မစောင့်စည်းခြင်း အသံဝရကို သိအပ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၃

၁၁၀။ "မျက်စိစသည်ဖြင့် နှစ်သက်ဖွယ်အဆင်းစသည်ကို မြင်ရာစသည်၌ နှစ်သက်မှုလောဘဖြစ်ခြင်း မနှစ်သက်ဖွယ်ကို မြင်ရာစသည်၌ ဒေါသဖြစ်ခြင်း ကျဉ်းသောစိတ်ရှိ, မထင်သောသတိရှိလျက် ကိလေသာတို့ အကြွင်းမဲ့ချုပ်ရာ အရဟတ္တမဂ်ဖိုလ် ပညာသမာဓိကို မသိခြင်းသည် အသံဝရမည်၍ ထိုထိုနှစ်သက်ဖွယ် မနှစ်သက်ဖွယ်အာရုံတို့ကို တွေ့မြင်ရာ၌ လောဘ ဒေါသ မဖြစ်ခြင်း မနှိုင်းယှဉ်အပ်သောစိတ် ထင်သောသတိရှိလျက် ကိလေသာတို့ အကြွင်းမဲ့ချုပ်ရာ အရဟတ္တမဂ်ဖိုလ် ပညာသမာဓိ ဝိမုတ္တိကို သိခြင်းသည် သံဝရမည်၏"ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၆၃

၁၁၁။ တနေ့လုံး ပူလောင်နေသော သံအိုးကင်း၌ ရေနှစ်ပေါက် သုံးပေါက်တို့ကို ချရာ ရေပေါက်ကျခြင်းသည်နှေး၍ ကုန်းခန်းခြင်းသည် မြန်သကဲ့သို့ တရားရှုမှတ်ကျင့်ကြံနေသူ၏သန္တာန်၌ ရံခါသတိ လွတ်ကင်း ချုတ်ယွင်းခြင်း ကြောင့် အကုသိုလ်တရားတို့ ဖြစ်ပေါ်ရာ သတိဖြစ်ခြင်းသည် နှုံ့နှေး၍ ထိုအကုသိုလ်တို့ကို ပယ်စွန့်ခြင်း ပယ်ဖျောက်ခြင်းသည် လျင်မြန်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၄

၁၁၂။ တရားကျင့်နေသော ရဟန်းကို မင်း အမတ် မိတ်ဆွေ ဆွေမျိုးတို့က သိက္ခာချလူထွက်ရန် ဘိတ်ကြားကြသော်လည်း အရှေသို့ညွတ်ကိုင်းရှိုင်းနေသော ဂင်္ဂါမြစ်ကို လူအပေါင်းသည် အနောက်သို့ ညွတ်ကိုင်းရှိုင်းရန် မပြုနိုင်၊

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ပင်ပန်းရုံအာဘို့ရှိသကဲ့သို့ ကြာမြင့်စွာ နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသော စိတ်ရှိနေရကား ထိုစိတ်သည် အယုတ်သို့ ပြန်မလည်နိုင် ထိုရဟန်း လူမထွက် ဟု ဟောတော်မူခြင်း ၁၆၅

၇-ကိုံသကောဟမသုတ်

၁၁၃။ အဘယ်မျှလောက်ဖြင့် ရဟန်း၏ဉာဏ်အမြင်သည် အလွန်စင်ကြယ်ပါသနည်း၊ အဘယ်မျှဖြင့် ရဟန်းအား အထူးစင်ကြယ်သော ဉာဏ်အမြင် ဖြစ်ပါသနည်းဟူသော ရဟန်းတပါး၏အမေးကို—

ပဌမရဟန်းက ဖဿာယတန(ခြောက်)ပါးတို့၏ **အ**ဖြစ်အပျက်ကို ဟုတ်တိုင်းမှန်စွာ သိလျှင်၊ **ဒုတိယရဟန်းက** ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ **အ**ဖြစ်အပျက်ကိုသိလျှင်၊ **တတိယရဟန်းက** မဟာဘုတ်လေးပါးတို့၏အဖြစ် အပျက်သိလျှင်၊ **စတုတ္ထရဟန်းက** တေဘူမကတရားအားလုံးသည် ဖြစ်ခြင်း သဘောရှိ၏၊ ထိုတရားအားလုံးသည် ချုပ်ခြင်းသဘောရှိ၏ဟု ဟုတ်တိုင်း မှန်စွာသိလျှင် (သိသောရဟန်း၏) ဉာဏ်အမြင် အလွန်စင်ကြယ်ပုံ၊ ထို တရားအသီးသီးကို ဟုတ်တိုင်းမှန်စွာသိသော ရဟန်းအား စင်ကြယ် သောမဂ်ဉာဏ်ဖြစ်ပုံကို ဖြေဆိုတော်မူကြခြင်း ၁၆၅-၆

၁၁၄။ ဉာဏ်အမြင်စင်ကြယ်ပုံကို ဖြေဆိုသော ရဟန်းလေးပါးတို့၏ အဖြေကို မရောင့်ရဲ မကျေနပ်သော ထိုရဟန်းသည် မြတ်စွာဘုရားထံသို့သွား၍ လျှောက်ပြရာ ပေါက်ပင်ကိုမမြင်ဘူးသော ယောကျ်ားသည် မြင်ဘူးသူ လေးယောက်ကို မေးမြန်းရာတွင် **ပဌမလူက** ပေါက်ပင်သည် မီးလောင် တိုင်ငုတ်ကဲ့သို့ မည်းနက်၏၊ **ဒုတိယလူက** သားတစ်ကဲ့သို့နီရဲ၏၊ **တတိယ လူက** ကုက္ကိုပင်ကဲ့သို့ တဲ့လဲ့ဆဲ့အပ်သော အမျှင်သဖွယ်သီး၏၊ ဆဲ့ထား သော သံလျက်အိမ်သဖွယ်သီး၏၊ **စတုတ္ထလူက** ပညောင်ပင်ကဲ့သို့ ထူထဲ သောအရွက်ရှိ၍ တစပ်တည်းစပ်သော အရိပ်ရှိ၏ဟု ဖြေဆိုကြရာ အရွက် ကျသောသစ်ငုတ် ပုဋ်ချိန် သီးချိန် အရွက်ထူထပ်ဖုံးအုပ်ချိန် မိမိတို့မြင်ပုံ အခြင်းအရာအားဖြင့် ဖြေဆိုကြသဖြင့် အားလုံးမှန်သကဲ့သို့ ရဟန်း လေးပါးတို့အဖြေသည် မှန်ကန်ကြောင်း ဘုရားရှင် မိန့်တော်မူခြင်း ၁၆၆-၇

၁၁၅။ မင်း၏ ခိုင်ခံ့သော တံတိုင်းခြေ, တံတိုင်း တုရိဏ် တိုင်ရှိသော တံခါး ခြောက် ပေါက်ရှိသော အစွန်းအနားမြို့၌ မသိသူကိုတားမြစ် သိသူကို သွင်းသော လိမ္မာသည့် တံခါးစောင့်ကို လျှင်မြန်သော တမန်အစုသည် အရှေ့ အနောက် တောင်မြောက် အရပ်မှလာ၍ မြို့ပိုင်ရှင်ကို မေးရာ "မြို့လယ် ခရီးလေးခုအဆုံး၌ ထိုင်နေ၏"ဟု တံခါးစောင့်ကို ပြောပြရာ တမန်အစုံ သည် မြို့ပိုင်ရှင်အား ဟုတ်မှန်တိုင်းသောစကားကို ဆောင်နှင်း၍လာအပ် သော ခရီးသို့တဖန်ပြန်သွားပုံ ဥပမာကို ဟောတော်မူ၍ မြို့ဟူသည် ဤရုပ်

ကိုယ်ကြီး၊ တံခါးခြောက်ပေါက်ဟူသည် အဇ္ဈတ္တိကာယတန ခြောက်ပါး၊ တံခါးစောင့်ဟူသည်သတိ၊ တမန်သည်အစုံဟူသည် သမထဝိပဿနာ၊ မြို့လယ် ခရီး လမ်းလေးခွဆုံဟူသည် ဓာတ်ကြီးလေးပါး၊ ဟုတ်မှန်သော စကား ဟူသည် နိဗ္ဗာန်၊လာအပ်သောခရီးဟူသည် အင်္ဂါ နှစ်ပါး ရှိသော မင်္ဂ ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၆၇

၉-ဝိကောပမသုတ်

၁၁၆။ "မြင် ကြား နံ လျက် ထိ-သိအပ်သော အာရုံ (ခြောက်ပါး) တို့၌ ဆန္ဒရာဂ ဒေါသ မောဟ ပဋိဃတို့ဖြစ်ခဲ့လျှင် ကျိုလမ်းခရီးသည် ကြောက်ဖွယ်သော ဘေးဘျမ်း ဆူးငြောင့် တောခြုံတို့နှင့်တကွဖြစ်၏၊ လူ နတ် နိဗ္ဗာန် လမ်းခရီးမဟုတ်၊ စက်ဆုတ်ဖွယ်ခရီး ဆင်းရဲဖြစ်ရာခရီး သူယုတ်တို့ သွားရာ ခရီး ဖြစ်၏၊သူတော်ကောင်းတို့ သွားရာလမ်းခရီးမဟုတ် သင်မသွားထိုက်" ဟု ထိုအာရုံတို့မှ စိတ်ကို တားမြစ်ရန် ဘုရားရှင် ဟောတော်မူခြင်း ၁၆၈

၁၁၇။ ကောက်စပါး စားတတ်သောန္ဒားသည် အစောင့်မေ့လျော့နေသော ကောက်စပါးခင်းကိုဝင်၍ စားသောက်မူးယစ်မေ့လျော့နေသကဲ့သို့ အာဂမ, အဓိဂမသုတမရှိသော ပုထုဇဉ်သည် ဖဿာယတနခြောက်ပါးတို့၌ စောင့်စည်းမှုမပြုသဖြင့်ကာမဂုဏ်ငါးပါးတို့၌ အလိုရှိတိုင်း ယစ်မူးမေ့လျော့တတ်ပုံနှင့် ကောက်စပါးခင်းကို ဝင်စားသောန္ဒားကို မမေ့မလျော့ စောင့်လျက်ရှိသော အစောင့်သည် နှာခေါင်း ဦးချိုကြားတို့၌ ဒုတ်ကြီးဖြင့် ရိုက်နှက်ပုတ်ခတ်လှုတ်လိုက်ရာ ရွာတောသို့ ရောက်သော်လည်း န္ဒားသည် ရပ်ခြင်း ဝတ်ခြင်းမျှား၍ ဒုတ်ဒဏ်ရာကို အောက်မေ့ကာ ထိုကောက်စပါးသို့ မသက်ဝင်သကဲ့သို့ ရဟန်း၏စိတ်သည် ဖဿာယတန (ခြောက်) ပါးတို့၌ အောင်အပ် ကောင်းစွာအောင်အပ်သော အခါ၌ ပဌမစျာန်ဖြင့် ကောင်းစွာတည်ပုံ၊ ဒုတိယစျာန်ဖြင့် ကောင်းစွာ နစ်မြုပ်နေပုံ၊ တတိယစျာန်ဖြင့် တခုတည်းသော အာရုံရှိပုံ၊ စတုတ္ထစျာန်ဖြင့် ကောင်းစွာ တည်ကြည်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၉

၁၁၈။ စောင်းသံ မကြားဘူးသော မင်းနှင့်အမတ်ကြီးသည် စောင်းသံကို ကြားရာ "ဤနှစ်သက်ဖွယ်အသံသည် အဘယ်ဝတ္ထု၏အသံနည်း" ဟုမေးသဖြင့် ဤဝတ္ထုသည်စောင်းဖြစ်ကြောင်း မင်းချင်းတို့က လျှောက်ကြရာ "ထိုစောင်းကိုဆောင်ယူကြ" ဟု မင်းနှင့်အမတ်ကြီးက ပြောသောအခါ "ဤစောင်းသည် စောင်းခွက်, စောင်းကြက်သားရေ, လက်တံ, စောင်းကြိုးယစ်ရာ ဒုတ်တံ,စောင်းကြိုး လက်ခတ်, တီးခတ်သူ ယောဂျီး၏ လုံ့လ ပယောဂတို့ဖြင့်မျှားသော ကြီးသော အဆောက် အဦးရှိ၏၊ မျှားသော အဆောက် အဦးတို့ဖြင့် ကောင်းစွာအားထုတ်မှ အသံမည်ကြောင်း" မင်းချင်းတို့က

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

လျှောက်ကြသောအခါ ထိုစောင်းကို ခွဲစိပ်မီးရှို့ပြီးမြစ်ရေ၌ မျှောလွှတ်ကြစောင်းသည် ထင်ရှားမရှိယောင်တကား လူအပေါင်းသည် ဤစောင်း၌ အလွန်မေ့လျော့ ကွန့်မြူး၏ဟု ပြောဆိုသကဲ့သို့ ရဟန္တာအား ခန္ဓာငါးပါးတို့၌ ငါ ငါ၏ဥစ္စာ ငါဟူ၍ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းမှုမဖြစ်ပုံကို ဟောတော်မူခြင်း ၁၇၀

၁၁၉။ ဥပဓာရဏော ဥပဝီဏော အာသတီ-တို့၌မှတ်သားဖွယ်အဆုံးအဖြတ်များ ၁၇၁-၂

၁၀-ဆပ္ပါဏကောဝမသုတ်

၁၂၀။ မြားမြက်တောသို့ ဝင်သော မှည့်သော အနာရှိသော ယောကျ်ား၏ ခြေတို့ကို သမန်းမြက်ဆူးစူး ကိုယ်တို့ကို မြားရွက်ခြစ်ကုန်သဖြင့် ကိုယ်စိတ်ဆင်းရဲသကဲ့သို့ ရဟန်းသည် ရွာတောသို့ ကပ်သည်ရှိသော် "ဤအရှင်သည်လည်း ဤသို့ပြုလေ့ရှိ၏၊ ဤသို့သောအကျင့်ရှိ၏၊ မစင်ကြယ် ရွာသူတို့ဆူးငြောင့်သဖွယ်ဖြစ်၏" ဟူ၍ ကဲ့ရဲ့ပြစ်တင်ခံရသော ရဟန်းကို "ဆူးငြောင့်သဖွယ်ဖြစ်သူ" ဟု သိ၍ ဤနေကိုစောင့်စည်းမှု 'သံဝရ' မစောင့်စည်းမှု 'အသံဝရ' တို့ကို သိထိုက်ပုံကို ဘုရားရှင် ဟောတော်မူခြင်း(စာပိုဒ်-၂၄၄ ဒုက္ခဓမ္မသုတ်နှင့် တူ၏) ၁၇၂-၃

၁၂၁။ အထူးထူးသောအရပ် ကျက်စားရာရှိကုန်သော မြေ, မိကျောင်း, ငှက်ဆင်, ခွေး, မြေခွေး, မျောက်သတ္တဝါခြောက်ကောင်တို့ကို ဖမ်းယူ၍ ခိုင်ခံ့သောကြိုးဖြင့် ချည်နှောင်ထားရာ တောင်ပို့, ရေ, ကောင်းကင်, ရွာသုသာန်, တောသို့ဝင်အံ့ ဟု ဆွဲငင်ကြရာ ပူလောင်ပင်ပန်းသောအခါ အားကြီးသော သတ္တဝါတကောင်ကောင်၏ အလိုနှိုင်ငံသို့ အစဉ်လိုက်ရောက်ရကုန်သကဲ့သို့ ကာယဂတာသတိကို မပွါးသော ရဟန်းကို စက္ခုပသာဒ စသည် စိတ်နှလုံးကို ပွါးစေသော ရူပါရုံစသည်တို့၌ ဆွဲငင်၍ မနှစ်သက်ဖွယ် ရူပါရုံစသည်တို့ စက်ဆုပ်ဖွယ်ဖြစ်၍ အသံဝရဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၇၃

၁၂၂။ မြေ, မိကျောင်း, ငှက်ဆင်, ခွေး, မြေခွေး, မျောက်သတ္တဝါခြောက်ကောင်ကိုခိုင်ခံ့သောငုတ်၌ ချည်နှောင်ထားလျှင် ထိုငုတ်သို့သာ ကပ်ကုန်သကဲ့သို့ ကာယဂတာသတိကို ပွါးစေအပ် အကြိမ်များစွာပြုအပ်သော ရဟန်းကို နှစ်သက်ဖွယ်အာရုံတို့ မဆွဲငင် မနှစ်သက်ဖွယ် အာရုံတို့ စက်ဆုပ်ဖွယ်မထင်သဖြင့် 'သံဝရ' ဖြစ်ပုံနှင့် ခိုင်ခံ့သော ငုတ်ဟူသည် ကာယဂတာသတိ၏ အမည်ဖြစ်သောကြောင့် "ကာယဂတာသတိကို ပွါးစေအပ်မည် ကြိမ်ဖန်များစွာ ပြုအပ်မည်" ဟု ကျင့်ထိုက်ပုံကို ဘုရာရှင် ဟောတော်မူခြင်း ၁၇၄

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၁-ယဝကလာပိသုတ်

၁၂၃။ လမ်းလေးခွဒ္ဌ ချထားအပ်သော ကောက်လိုင်းစည်းကို လူခြောက်ယောက် တို့သည် ထမ်းပိုးကိုယ်စီဖြင့် ကောင်းစွာ ရိုက်ပုတ်အပ်ပြီးဖြစ်ပါလျက် ခုနစ်ယောက်မြောက် နောက်ထပ်တယောက် ထပ်မံ၍ ရိုက်ပြန်သော် အတိုင်းထက်အလွန် ရိုက်ပုတ်ပြီးဖြစ်သကဲ့သို့ ထို့အတူ ကောက်လိုင်းနှင့် တူသော ပုထုဇဉ် သတ္တဝါကို ထမ်းပိုးလက်ရှိလူ (ခြောက်) ယောက်နဲ့တူသော ဣဋ္ဌ အနိဋ္ဌ မဇ္ဈ တည်းဟူသော အာရုံတို့ဖြင့် လွှမ်းမိုးနှိပ်စက်အပ်ပါလျက် / ခုနစ်ယောက်မြောက်သော လူနှင့်တူသော ဘဝကို တောင့်တတတ်သော ကိလေသာထပ်၍ နှိပ်စက်ပြန်သော် နောက်ထပ်ဘဝသစ်၌ ဖြစ်ခြင်းငှါ အလွန်လွယ်ကူပုံကို ဟောတော်မူခြင်း ၁၂၅

၁၂၄။ ခန္ဓာတို့ကို တဏှာမာန ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် အထင်မှားသော် နတ် အသုရာတို့၏ စစ်ပွဲ၌ ရှုံးသောသူကို နှောင်ဖွဲ့အပ်သော အနှောင်အဖွဲ့ထက် အထူးသဖြင့် သိမ်မွေ့သော မာရ်နတ်၏ အနှောင်အဖွဲ့မှ မလွတ်နိုင်ပုံနှင့် ခန္ဓာတို့ကို တဏှာမာန ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် အထင်မမှားသော် ၎င်း အနှောင့်အဖွဲ့မှ လွတ်နိုင်ပုံကို ဟောတော်မူခြင်း ၁၂၆-၇

၂-ဝေဒနာသံယုတ်

၁-သဂါထာဝဂ်

၁-သမာဓိသုတ်

၁၂၅။ ကောင်းစွာတည်ကြည် အပြားအားဖြင့် သိ၍ ရှုမှတ် အောက်မေ့တတ်သော မြတ်စွာဘုရား၏ တပည့်သာဝကသည် သုံးပါးသော ဝေဒနာတို့ကို သစ္စာလေးပါး၏အစွမ်းအားဖြင့် သိရ၍ ပရိနိဗ္ဗာန်ပြုနိုင်ပုံကို ဟောတော်မူခြင်း ၁၁၀

၂-သုခသုတ်

၁၂၆။ မိမိ၌ရှင်း သူဘေးဝါး၌ရှင်း ဖြစ်ပေါ်လာသော ထိုဝေဒနာတို့ကို မမြဲ ဆင်းရဲ ပါတကားဟု ဉာဏ်ဖြင့်သိ၍ အပျက်ကိုရှုသော် ထိုဝေဒနာတို့၌ တပ်ခြင်း ကင်းကြောင်း ဟောတော်မူခြင်း ၁၁၀

၃-ပဟာနသုတ်

၁၂၇။ သုခဝေဒနာ၌ ရာဂါနုသယ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို ပယ်သော် တဏှာသံယောဇဉ်တို့ကို အကြွင်းမဲ့ ဖြတ်တောက်လျက် ဒိဋ္ဌဓမ္မရဟန္တာဖြစ်နိုင်ပုံကို ဟောတော်မူခြင်း ၁၁၁

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၄-ပါတာလသုတ်

၁၂၈။ ထောက်တည်ရာမဲ့ ကျစ္စမ်းနိုင်သော "ပါတာလ" ဟူသော ဗလဝါမုခဝဲကြီး ဟူသည် သမုဒ္ဒရာ၌တည်ရှိသော ဗလဝါမုခဝဲကို ဆိုလိုသည်မဟုတ်၊ စင်စစ် အဿုတဝါပုထုဇဉ်တို့သည် ဒုက္ခဝေဒနာနှင့် ရင်ဆိုင်ရသော် ရင်ဘတ် စည်တီး သက်ကြီးရွိုက်ငင် ငိုကြွေးပူပန်ရကုန်လျက် ထောက်တည်ရာမရနိုင် သည်းမခံနိုင်ကြသောကြောင့် "ပါတာလ ဗလဝမုခဝဲကြီး ဟူသည် ဒုက္ခ ဝေဒနာသာဖြစ်ကြောင်းကို" ဟောတော်မူခြင်း ၁၀၂-၃

"ပါတာလ"ဟူသောပုဒ်၏ ရှင်းလင်းချက် ၁၀၃

၅-ဒဠ္ဍဗ္ဗသုတ်

၁၂၉။ သုခဝေဒနာကို ဆင်းရဲဟူ၍ ဒုက္ခဝေဒနာကို ဆူးငြောင့်ဟူ၍ ဥပေက္ခာ ဝေဒနာကို မမြဲဟူ၍ ပိုင်းခြားသိမြင် ကောင်းစွာရှုသင့်ပုံနှင့် ထိုသို့ရှုသည် ရှိသော် ပစ္စုပ္ပန်အတ္တဘောဌ် အာသဝေါကင်းကွာ ရဟန္တာ ဖြစ်နိုင်ပုံကို ဟောတော်မူခြင်း ၁၀၄

၆-သလလသုတ်

၁၃၀။ အဿုတဝါပုထုဇဉ်သည် ဒုက္ခဝေဒနာစသည်ကိုခံစားရာ၌မြားတချောင်းဖြင့် ထိုးဖောက်ခံရပြီးသူကို နောက်ထပ် မြားတချောင်း ထပ်၍ ထွင်းဖောက် ခံရပြန်သော် ၂-မျိုး ၂-စား ဝေဒနာခံစားရသကဲ့သို့ ကိုယ်၏ ဆင်းရဲ စိတ်၏ဆင်းရဲ နှစ်မျိုးစလုံးကို ခံရပုံ၊ ပဋိဃ,ရာဂ အဝိဇ္ဇာနုသယ ကိန်းပုံ၊ ကိလေသာနှင့် ယှဉ်ပုံ၊ ဇာတိစသည်နှင့် ယှဉ်စပ်နေပုံနှင့် သုတဝါ အရိယ-သာဝကမှာ ဒုက္ခဝေဒနာ စသည်ကို ခံစားရသည်ရှိသော် မြားတချောင်း ဖြင့် ထိုးဖောက်ခံရသူကို နောက်ထပ်တချောင်းဖြင့် ထပ်မံ၍ ထွင်းဖောက် မခံရသကဲ့သို့ ကိုယ်ဆင်းရဲဒုက္ခကိုသာ ခံရ၍ စိတ်ဆင်းရဲခြင်း မရှိပုံနှင့် ပဋိဃ, ရာဂ, အဝိဇ္ဇာနုသယမကိန်းပုံ ကိလေသာတို့နှင့် မယှဉ်စပ်ပုံ ဇာတ် စသည်နှင့် မယှဉ်စပ်ပုံကို ပုဂ္ဂိုလ်နှစ်ယောက်၏ ခံစားရပုံ ထူးခြားချက်ကို အကျယ်တဝင့် ဟောတော်မူခြင်း ၁၀၄-၇

၇-ပဌမဂေလညသုတ်

၁၃၁။ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော အထွဋ်ဆုံးတပ်သော ကျောင်း၌ သီတင်းသုံးတော်မူစဉ် ညနေအခါ လူနာရဟန်းတို့နေရာ ဆေးရုံကျောင်းသို့ ကြွရောက်၍ ဤသာသနာတော်၌ ကျင့်ကြံသော (ရဟန်း)သည် လုံ့လ ပညာ သတိရှိလျက် ဥပါဒါနက္ခန္ဓာ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရုပ် ဝေဒနာ စိတ်ခမူတို့ကို အဖန်ဖန်

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ရှုရန် ရွေတိုး နောက်ဆုတ် ကြည့်ရှု ကွေးဆန့် စသည်တို့၌ အသိဉာဏ်ဖြင့် ပြုရန် ဟောတော်မူခြင်း ၁၈၇-ဂ

၁၃၂။ သတိပဋ္ဌာန် လေးပါး သမ္မာဇဉ်တရားတို့ကို မမေ့မလျော့ အားထုတ်နေသူမှာ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ ဖြစ်ပေါ် လာရာ၌ ထိုဝေဒနာတို့၏ အကြောင်းကို သိမ်းဆည်းရပုံ၊ ရုပ် ကာယ, သုခ, ဒုက္ခ, အဒုက္ခမသုခ ဝေဒနာတို့ကို အနိစ္စ စသည်ဖြင့် ရှုရပုံ၊ ထိုသို့ ရှုသဖြင့် အနုသယမကိန်းပုံ၊ ဖြစ်ခိုက်ဝေဒနာတို့ကို အနိစ္စ စသည်ဖြင့်သိပုံ၊ ကိလေသာနှင့် မယှဉ်ပဲ ခံစားပုံ၊ ပဉ္စဒ္ဒါရိက မနောဒ္ဒါရိက ဝေဒနာကိုသိပုံ၊ ဤဘဝ၌ပင် ဝေဒနာ ဟူသမျှ မနှစ်သက်အပ်ပဲ ငြိမ်းအေးကုန်မည် ဟု သိရပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၈၉

၈-ဒုတိယဧလညသုတ်

၁၃၃။ ဝေဒနာ သုံးပါးတို့ ဖဿကို စွဲမှီ၍ဖြစ်၏ ဟု သိဆင်ခြင်ရန် ဟောသည်သာ ထူး၏ ....

၉-အနိစ္စသုတ်

၁၃၄။ သုခ ဒုက္ခ အဒုက္ခမသုခ ဝေဒနာတို့ကို မမြဲကုန်, အကြောင်းတရားကို ပြုပြင် အပ်သောတရား, အကြောင်းကိုစွဲ၍ဖြစ်သောတရား, ကုန်ခန်းခြင်းသဘော ပျက်ခြင်းသဘော ပျက်ပြယ်ခြင်းသဘော ချုပ်ခြင်းသဘောရှိသော တရားတို့ ဟု ဘုရားရှင် ဟောတော်မူပုံ ၁၉၀

၁၀-ဖဿမူလကသုတ်

၁၃၅။ ထင်းနှစ်ချောင်းတို့ ထိခိုက်မိ ပေါင်းဆုံမိခြင်းကြောင့် အပူဥဿဒ မီးသည် ဖြစ်ပေါ်၍ ထိုထင်းတို့ အသီးအခြားဖြစ်ခြင်းကြောင့် ထို အပူဥဿဒမီးသည် ချုပ်ငြိမ်းသကဲ့သို့ ဖဿကြောင့် ဖြစ်ပေါ်သော ဝေဒနာ သုံးပါးသည်လည်း (သူတို့၏ အကြောင်းဖြစ်သော ဖဿ၏ချုပ်ခြင်းကြောင့်) ချုပ်ငြိမ်းရပုံကို ဟောတော်မူခြင်း ၁၉၁

၂-ရဟောဂတဝဂ်

၁-ရဟောဂတသုတ်

၁၃၆။ "အလုံးစုံသော ဝေဒနာဟူသမျှသည် ဒုက္ခပင်ဖြစ်၏ ဟု ဟောတော်မူခြင်း သည် အဘယ်ကို ရည်ရွယ်၍ ဟောတော်မူပါသနည်း" ဟူသော ရဟန်း တပါး၏ အမေးကို သခ်ါရတရားတို့၏ မမြဲခြင်း, ကုန်ခန်းခြင်း, ပျက်ခြင်း,

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ပျက်ပြယ်ခြင်း, ချုပ်ခြင်းသဘော ရှိသည်၏အဖြစ်ကို ရည်ရွယ်၍ ဟော တော်မူကြောင်းနှင့် ပဌမစျာန်သမာပတ် စသည်ကို ဝင်စားသောသူအား ဝိတက် ဝိစာရ ပီတိ အဿာသပဿာသ ရူပသညာ စသော အနုပုဗ္ဗ-သဒ္ဒါရတနားတို့ ချုပ်ပုံ အခြင်းအရာနှင့်တကွ ခြောက်ပါးသော ပဿဒ္ဓိ တို့ကိုပါ ဟောကြားတော်မူခြင်း ၁၉၂-၄

၂-၃-ပဌမ ဒုတိယအာကာသသုတ်

၁၃၇။ ကောင်းကင်၌ အထူးထူး အမျိုးမျိုးသော လေတို့ ဖြစ်ပေါ်ကြသလို ခန္ဓာ ကိုယ်မှာ ဖြစ်ပေါ်၍နေသော ဝေဒနာအမျိုးမျိုးတို့ကိုလည်း သတိသမ္ပ ဇဉ်ဖြင့် ကောင်းစွာ ရှုမြင်သော ပညာရှိသည် ပစ္စုပ္ပန်အတ္တဘောဌ် ရဟန္တာဖြစ်နိုင်ပုံကို ဟောတော်မူခြင်း ၁၉၄-၅

၄-အဂါရသုတ်

၁၃၈။ ညှဉ်သည်တည်းခိုရာအိမ်သို့ အရပ်မျိုးစုံမှ လူမျိုးစုံ လာရောက်တည်းခို သကဲ့သို့ ဤခန္ဓာကိုယ်၌လည်း အမျိုးမျိုးသော ဝေဒနာတို့၏ ဖြစ်ပေါ် ပုံကို ဟောကြားတော်မူခြင်း ၁၉၅

နိရာမိသာသုခါ စသည်တို့၌ အရကောက်ကို ပြပုံ ၁၉၅

၅-ပဌမအာနန္ဒသုတ်

၁၃၉။ အရှင်အာနန္ဒာ၏ လျှောက်ထားချက်အရ ဝေဒနာ ဝေဒနာ၏ဖြစ်ကြောင်း ချုပ်ကြောင်း ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်, သာယာဖွယ်, အပြစ်, ထွက်မြောက်ကြောင်းတို့ကို မေးလျှောက်သဖြင့် မြတ်စွာဘုရားက အကျယ်တဝင့် ဖြေဆိုတော်မူ၍ အနုပုဗ္ဗသဒ္ဒါရတို့၏ ချုပ်ငြိမ်းပုံ၊ ခြောက် ပါးသော ငြိမ်းအေးခြင်း ပဿဒ္ဓိတို့ကိုပါ ထည့်စွက်၍ ဟောတော်မူခြင်း ၁၉၆

၆-၇-၈-ဒုတိယအာနန္ဒသုတ်

ပဌမ ဒုတိယသမ္မဟုလသုတ်များ ၎င်းသုတ်နှင့်တူ၏ ....

၉-ပဥ္စကင်္သုတ်

၁၄၀။ ဘုရားရှင် ဟောတော်မူသော ဝေဒနာတို့သည် သုံးပါးဖြစ်ကြောင်း ဥဒါယီက ပြောရာ ပဥ္စကင်္လက်သမားဆရာကြီးက ၂-ပါးဟု ယူဆကြောင်းပြော၍ အချင်းချင်း နားလည်မှုမရအောင် ဖြစ်နေကြပုံ ....

၁၄၁။ မြတ်စွာဘုရားက ဝေဒနာတို့ကို ၂-၃-၅-၁၈-၃၆-၁၀၈-ပါး ရှိ၏ဟူ၍ ပရိ ယာယ်ဖြင့် ဟောတော်မူသည်ကို အချင်းချင်း မှန်ကန် ကောင်းမွန်သော

[ဃော်] သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် နိဿယ

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ဟောပြောချက်ဟု လက်မခံနိုင်ကြလျှင် ဤကဲ့သို့ ငြင်းခုံမှု စသည်ဖြစ်
လတ္တံ့ဟု ဟောတော်မူခြင်း ၁၉၉-၂၀၀

၁၄၂။ စျာန်ချမ်းသာကို ထောက်က ကာမဂုဏ်ချမ်းသာမျှကို ရသူသည် ချမ်းသာ
ကို ခံစားရသည် မမည်၊ အထက်အထက် စျာန်ချမ်းသာကို ထောက်လျှင်
လည်း အောက်အောက်စျာန်ချမ်းသာမျှကို ရသူသည်လည်း ချမ်းသာကို
ခံစားရသည် မမည်ကြောင်း ဟောတော်မူခြင်း ....

၁၄၃။ ခံစားမှု ဝေဒယိတသုခသဘော မရှိပါပဲလျက် ဘာကြောင့် နိရောဓသမာ
ပတ်ကို သုခ-ဟု ပညတ်ရခြင်း၏ အကြောင်းကို ဟောတော်မူခြင်း ၂၀၇

၁၄၄။ စေတသော သမ္ပယုတ္တနံ စသည်တို့၌ သိမှတ်ဖွယ်ရာများ ၂၀၂-၅

၁၀-ဘိက္ခုသုတ်

ဂုဏ်သုတ်သည် ပဉ္စကဂ်သုတ်နှင့်တူ၏ ....

၃-အဋ္ဌသတပရိယာယဝဂ်

၁-သိဉ္စကသုတ်

၁၄၅။ သုခစသော ဝေဒနာတို့၏ ဖြစ်ကြောင်း သည်းခြေ သလိပ် လေ စုပေါင်း
ကျရောက်ခြင်း ဥတုဖောက်ပြန်ခြင်း မညီမညွတ် ကိုယ်ကိုဆောင်ခြင်း လှုံလ
ပယောဂ ကံအကျိုးဟူသော တရားရှစ်ပါးကို ဟောတော်မူခြင်း ၂၀၈-၂၀၉

၂-အဋ္ဌသတသုတ်

၁၄၆။ ဝေဒနာ ၂-ပါး ၃-ပါးမှစ၍ ဝေဒနာအပြား တရာ့ရှစ်ပါးတိုင်အောင် အသေး
စိတ် စိတ်ဖြာလျက် အကျယ်တဝင့် ဟောတော်မူခြင်း ၂၁၀-၂၁၁

၃-အညတရဘိက္ခုသုတ်

၄-ပုဗ္ဗသုတ်

၅-ဉာဏသုတ်

၁၄၇။ ၆-သမ္မဟုလဘိက္ခုသုတ်များသည် ရဟောဂတဝဂ်၊ ၅-ခုမြောက် ပဌမအာနန္ဒ
သုတ်နှင့် တူ၏၊ အနုပုဗ္ဗသဒ်္ဓါရနှင့် ပဿဒ္ဓိ ခြောက်ပါး ဤသုတ်များ၌
မဟောပေ ....

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၇-ဂ-၉-ပဌမ ဒုတိယ တတိယ သမဏဗြာဟ္မဏသုတ်များ

၁၄၈။ ဝေဒနာသုံးပါးတို့၏ သမုဒယ အတ္ထင်္ဂမ အဿာဒ အာဒီနဝ နိဿရဏတို့ကို ဟုတ်တိုင်းမှန်စွာ မသိပါက ရဟန်း ပုဏ္ဏားဟု မခေါ်ဆိုအပ်သည့်ပြင် ရဟန်း ပုဏ္ဏား၏အဖြစ် တည်းဟူသော အကျိုးကို ပစ္စုပ္ပန်အတ္တဘောဌ် ထူးသောဉာဏ်ဖြင့် မသိကြရပဲ အထက်ပါ ဝေဒနာတို့၏ သမုဒယစသည်တို့ကို ဟုတ်တိုင်းမှန်စွာ သိရှိမှသာလျှင် ရဟန်း ပုဏ္ဏားဟုခေါ်ဆိုအပ်သည့်ပြင် ရဟန်း ပုဏ္ဏား၏အဖြစ်တည်းဟူသော အကျိုးကို ပစ္စုပ္ပန်အတ္တဘောဌ် ထူးသောဉာဏ်ဖြင့် သိရှိကြ၍ ခံစားကြရပုံကို ဟောတော်မူခြင်း ၂၁၃-၂၁၄

သာမညတ္တံ ဗြာဟ္မညတ္တံပုဒ်တို့၌ သိမှတ်ဖွယ်ရာ ....

၁၀-သုဒ္ဓိကသုတ်

၁၄၉။ ဝေဒနာသုံးပါးကို ဟောတော်မူခြင်း ၂၁၄

၁၁-နိရာမိသသုတ

၁၅၀။ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ် ချစ်နှစ်သက်အပ်သော တပ်နှစ်သက်ဖွယ်ဖြစ်ကုန်သော ငါးဝအာရုံ ကာမဂုဏ်တို့ကို စွဲ၍ဖြစ်သော ပီတိကို "သာမိသာပီတိ" ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းသည် "သာမိသသုခ" ဉပေက္ခာသည် "သာမိသာဉပေက္ခာ" ....

ပဌမစျာန် ဒုတိယစျာန်၌ရှိသော ပီတိကို "နိရာမိသာပီတိ" ပဌမစျာန် ဒုတိယစျာန် တတိယစျာန်၌ရှိသော သုခကို "နိရာမိသသုခ" စတုတ္ထစျာန်ကိုစွဲမှီ၍ဖြစ်သော ဉပေက္ခာကို "နိရာမိသာ ဉပေက္ခာ" ....

ရာဂစသည်မှ လွတ်မြောက်သော စိတ်ကိုဆင်ခြင်သော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ပီတိ-သုခ-ဉပေက္ခာများသည် "နိရာမိသာ နိရာမိသတရာပီတိ"၊ "နိရာမိသာ နိရာမိသတရသုခ"၊ "နိရာမိသာ နိရာမိသတရာဉပေက္ခာ" များဖြစ်ကြ၍ ရုပ်နှင့်စပ်ယှဉ်သောလွတ်မြောက်မှုသည် "သာမိသ ဝိမောက္ခ"၊ ရုပ်နှင့် မစပ်ယှဉ်သော လွတ်မြောက်မှုသည် "နိရာမိသ ဝိမောက္ခ"၊ ရာဂစသည်မှလွတ်မြောက်သော စိတ်ကိုဆင်ခြင်သောရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော လွတ်မြောက်မှုသည် "နိရာမိသ နိရာမိသတရာ ဝိမောက္ခ"မည်ကြောင်း ဟောတော်မူခြင်း ၂၁၅-၂၁၇

၃-မာတုဂါမသံယုတ်

၁-ပဌမပေယျာလဝဂ်

၁-မာတုဂါမသုတ်

၁၅။ အဆင်းမလှ, ဥစ္စာမရှိ, သီလမရှိ, ပျင်းရိ, သားသမီးမရ အင်္ဂါငါးပါးရှိသော မိန်းမသည် ယောကျ်ားများ၏ စိတ်နှလုံးကို မပွါးစေတတ်ယုတ်သောမိန်းမ ဖြစ်ပုံနှင့် အဆင်းလှ, စည်းစိမ်ရှိ, သီလရှိ, မပျင်းရိ, သားသမီးရ အင်္ဂါငါးဝရှိသော မိန်းမသည် ယောကျ်ားများ၏ စိတ်နှလုံးကို စင်စစ်ပွါးစေတတ်သော ကောင်းမြတ်သော မိန်းမဖြစ်ကြောင်းကို ဟောတော်မူခြင်း ၂၁၉

၂-ပုရိသသုတ်

၁၅။ အဆင်းမလှ, စည်းစိမ်မရှိ, သီလမရှိ, ပျင်းရိ, သားသမီးမရ အင်္ဂါငါးပါးရှိသော ယောကျ်ားသည် မိန်းမများ၏ စိတ်နှလုံးကို စင်စစ်မပွါးစေတတ်သော ယုတ်သော ယောကျ်ားဖြစ်ပုံနှင့် အဆင်းလှ, စည်းစိမ်ရှိ, သီလရှိ, မပျင်းရိ, သားသမီးရအင်္ဂါငါးပါးရှိသော ယောကျ်ားသည် မိန်းမများ၏ စိတ်နှလုံးကို စင်စစ်ပွါးစေတတ်သော ကောင်းမြတ်သော ယောကျ်ားဖြစ်ကြောင်းကို ဟောတော်မူခြင်း ၂၁၉

၃-အာဝေဏ်ကဒုက္ခသုတ်

၁၇။ လင်အိမ်လိုက်ရခြင်း ဥတုလာခြင်း ကိုယ်ဝန်ဆောင်ရခြင်း သားဖွားရခြင်း လင်ကိုလုပ်ကျွေးရခြင်း ဤငါးပါးကို ယောကျ်ားတို့နှင့် မဆက်ဆံ အသီးအခြား မိန်းမများသာလျှင် ခံစားကြရသော (အာဝေဏိက) ဆင်းရဲငါးပါး ဟု ဟောတော်မူခြင်း ၂၂၀

၄-တိဟိဓမ္မဟိသုတ်

၁၅။ နံနက်အခါ ဝန်တိုခြင်း မွန်းတည့်အခါ ငြူစူခြင်း ညအခါ ကာမရာဂနှိပ်စက်ခြင်းတည်းဟူသော တရားသုံးပါးနှင့်ပြည့်စုံသော မိန်းမသည် ခန္ဓာပျက်ကြွေသသည်မှနောက်၌ ငရဲသို့ရောက်ရပုံကို ဟောတော်မူခြင်း ၂၂၀-၂၂၁

၅-ကောဓနသုတ် ၆-သုတ်

၁၅။ သဒ္ဓါတရားမရှိခြင်း ကာယဒုစရိုက်စသည်မှ မရှက်ခြင်း မလန့်ခြင်း အမျက်ထွက်ခြင်း ပညာမရှိခြင်းတည်းဟူသော တရားငါးပါးနှင့် ပြည့်စုံသော မိန်းမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်ကာလ၌ ငရဲသို့ ရောက်ရပုံကို ဟောတော်မူခြင်း ၂၂၁

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၅၆။ ၆-ဥပနာဟီသုတ်မှစ၍ ၁၃-မုဋ္ဌဿတိသုတ်တိုင်အောင် ရှစ်သုတ်သည် ကောဓန အစား ဥပနာဟီ-ရန်ငြိုးဖွဲ့ခြင်းအစရှိသော ခေါင်းစီးအတိုင်း အစား ထိုးသွင်းသည်မှတပါး ကောဓနသုတ်နှင့် အားလုံးတူ၏ ၂၂၂-၂၂၃

၁၄-ပဥ္စဝေရသုတ်

၁၅၇။ ငါးပါးသီလမပြဲသော မိန်းမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်ကာလ၌ ငရဲသို့ရောက်ရပုံ ဟောတော်မူခြင်း ၂၂၃

၂-ဒုတိယပေယျာလဝဂ်

၁- အက္ကောဓနသုတ်

၁-အက္ကောဓနသုတ်မှစ၍ ၉-ဥပဋ္ဌိတဿတိသုတ်အထိ ကိုးသုတ်သည် ခေါင်းစီးအတိုင်း တမျိုးတမျိုးပြောင်းသွင်း၍ သဒ္ဓါတရားရှိခြင်း ကာယဒုစရိုက်စသည်မှ ရှက်ခြင်း လန့်ခြင်း အမျက်မထွက်ခြင်း ပညာရှိခြင်း တည်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မိန်းမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ နတ်ပြည်သို့ရောက်ရပုံ ဟောတော်မူခြင်း။ ကိုးသုတ်လုံးတူပါသည် ၂၂၄-၂၂၅

၁၀-ပဥ္စသီလသုတ်

၁၅၈။ ငါးပါးသီလမပြဲသောမိမ္မများ နတ်ပြည်သို့ရောက်ပုံကို ဟောတော်မူခြင်း ၂၂၆

၃-ဗလဝဂ်

၁-စိသာရဒသုတ်

၃-ပဓမယုဓသုတ်

၃-အဘိဘုယျသုတ်

၁၅၉။ အဆင်းအား စည်းစိမ်အား ဆွေမျိုးအား သားသမီးအား သီလအား ဟူသော အားငါးပါးနှင့်ပြည့်စုံသော မိမ္မများသည် (၁) ရှုံ့ရှာခြင်းကင်း ရဲရဲတင်းတင်း အိမ်ကိုစိုးအုပ်၍နေနိုင်ခြင်း (၂) လင်ကိုလွှမ်းမိုး၍ အိမ်ကို စိုးအုပ်နေနိုင်ခြင်း (၃) လင်ကိုလွှမ်းမိုး၍ နေနိုင်ခြင်းများကို ဟောတော်မူခြင်း ၂၂၇

၄-ကေသုတ်

၁၆၀။ အစိုးရခြင်းတည်းဟူသော အားနှင့်ပြည့်စုံသော ယောကျ်ားသည် အဆင်းစသော အာဒါးပါးနှင့်ပြည့်စုံသော မိမွကိုလွှမ်းမိုး၍ နေနိုင်ကြောင်း ဟောတော်မူခြင်း ၂၂၇

၅-အင်္ဂသုတ်

၁၆၁။ မိန်းမတို့တွင်ပြည့်စုံအပ်သော အာဒါးပါးအနက် အကြင်မိန်းမအာဒါး အဆင်း အာဒါးသာရှိ၍ စည်းစိမ်အာဒါးမရှိပါက ထိုမိန်းမသည် စည်းစိမ်အင်အားဟူသော ထိုအင်္ဂါနှင့်မပြည့်စုံပုံ၊ အဆင်းအာဒါး စည်းစိမ်အာဒါးနှင့်ပြည့်စုံ၏၊ ဆွေမျိုးအာဒါးမရှိပြန်သော် ထိုပြည့်စုံသော အာဒါးနှစ်ပါးနှင့် ပြည့်စုံပြီးမပြည့်စုံသော ဆွေမျိုးအာဒါးနှင့် မပြည့်စုံပုံ(အစဉ်အတိုင်း အတိုးအဆုတ် ပြုလုပ်လျက်)စသည်ကို ဟောတော်မူခြင်း ၂၂၇-၂၂၈

၆-နာသေန္တိသုတ်

၁၆၂။ ဆိုခဲ့ပြီး အာဒါးပါးတို့အနက် ကိုယ်ကျင့်သီလတည်းဟူသော အာဒါးမရှိပဲ အခြားသောအာဒါးများသာရှိနေပါက ထိုမိန်းမကို နှင်ထုတ်ကြကုန်၍အိမ်၌ မထားကြပုံ၊ ကိုယ်ကျင့်သီလတည်းဟူသော အာဒါးတပါးနှင့် ပြည့်စုံပါက အခြားသောအာဒါးများမရှိသော်လည်း မနှင်ထုတ်ကြပဲ အိမ်၌ထားကြပုံ (နေစေပုံ)ကို ဟောတော်မူခြင်း ၂၂၈-၂၂၉

၇-ဟေတုသုတ်

၁၆၃။ ကိုယ်ကျင့်သီလတည်းဟူသော အားနှင့် ပြည့်စုံမှသာ နတ်ပြည်ရောက်၍ အခြားသောအာဒါးများနှင့် ပြည့်စုံနေသော်လည်း နတ်ပြည်မရောက်ပုံ ဟောခြင်း ၂၂၉

၈-ဒုဿီလသုတ

၁၆၄။ ပြုအပ်ပြီးသော ကုသိုလ်ကောင်းမှုမရှိသော မာတုဂါမ၏ ဒုလ္လဘဒါဒါးပါးနှင့် ပြုအပ်ပြီးသော ကုသိုလ်ကောင်းမှုရှိသော မာတုဂါမ၏ သုလဘတရား ဒါဒါးကို ဟောကြားတော်မူခြင်း ၂၂၉-၂၃၀

၉-ပဉ္ဉသီလဝိသာရဒသုတ်

၁၆၅။ ဒါဒါးသီလနှင့်ပြည့်စုံသော မာတုဂါမသည် ရွှံ့ရှာခြင်းကင်းလျက် အိမ်ကို စိုးအုပ်၍ နေနိုင်ပုံဟောခြင်း ၂၃၀

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၀-ဝဗ္ဗိသုတ်

၁၆၆။ သဒ္ဓါသီလ သုတ စာဂ ပညာတည်းဟူသော ငါးပါးသော ကြီးပွါးခြင်းဖြင့် ပြည့်စုံသော ဘုရားရှင်၏ တပည့်မသည် မိမိကိုယ်ခန္ဓာ၏ သီလသမာဓိ စသောအနှစ်, သီလသမာဓိစသော အမြတ်ကိုယူသည်မည်ပုံ ဟောတော် မူခြင်း ၂၃၁

၄-ဇမ္ဗုခါဒကသံယုတ်

၁-နိဗ္ဗာနပဉ္ဉာသုတ်

၁၆၇။ ဇမ္ဗုခါဒကပရိဗိုဇ်၏နိဗ္ဗာန်ဟူသည် အဘယ်ပါနည်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းကြောင်းအကျင့် ရှိပါသလော, အဘယ်နည်းဟူသော အမေးကို အရှင်သာရိပုတ္တရာက ရာဂစသည် ကုန်ရာသည် နိဗ္ဗာန်မည်ကြောင်း၊ မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းကြောင်းအကျင့် ဖြစ်ကြောင်း ဟောကြားတော်မူခြင်း ၂၃၂

၅-ဇမ္ဗုခါဒကသံယုတ်

၁-နိဗ္ဗာနပဉ္ဉာသုတ်

၁၆၇။ ဇမ္ဗုခါဒကပရိဗိုဇ်၏နိဗ္ဗာန်ဟူသည် အဘယ်ပါနည်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းကြောင်းအကျင့် ရှိပါသလော, အဘယ်နည်းဟူသော အမေးကို အရှင်သာရိပုတ္တရာက ရာဂစသည်ကုန်ရာသည် နိဗ္ဗာန်မည်ကြောင်း၊ မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းကြောင်းအကျင့် ဖြစ်ကြောင်း ဟောကြားတော်မူခြင်း ၂၃၂

၂-အရဟတ္တပဉ္ဉာသုတ် နိဗ္ဗာနပဉ္ဉာသုတ်နှင့် တူ၏။ နိဗ္ဗာန်အစား အရဟတ္တဖိုလ်ပြောင်းရုံသာ ထူး၏ ....

၃-ဓမ္မဝါဒိပဉ္ဉာသုတ်

၁၆၈။ လောကဌ အဘယ်သူတို့သည် တရားကို ဆိုလေ့ရှိပါကုန်သနည်း။ ကောင်းစွာ ကျင့်ကြကုန်သနည်း၊ ကောင်းစွာသိကုန်သနည်း၊ ထိုရာဂစသည်ကိုပယ်ရန် လမ်းသည် အဘယ်ပါနည်း ဟူသောအမေးကို အရှင်သာရိပုတ္တရာက ရာဂစသည်ကို ပယ်ခြင်းငှါ ပြောဆိုသောသူတို့သည် တရားကိုဆိုလေ့ရှိသောသူ, ရာဂစသည်ကို ပယ်ခြင်းငှါကျင့်သောသူတို့သည် ကောင်းစွာကျင့်သောသူ, ပယ်အပ်ပြီးသော ရာဂစသည်တို့၏ တဖန်မဖြစ်ခြင်း သဘောရှိသူတို့သည် ကောင်းစွာ သိသောသူတို့မည်ကြောင်းနှင့် ထိုရာဂစသည်ကိုပယ်ရန် လမ်း အကျင့်ဟူသည် မဂ္ဂင်ရှစ်ပါးပင်ဖြစ်ကြောင်း ဟောတော်မူခြင်း ၂၃၂-၂၃၄

၄-ကိမတ္ထိယသုတ်

၁၆၉။ အဘယ်အကျိုးငှါ ရဟန်းဂေါဘမအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပါသနည်း ဟူသောအမေးကို အရှင်သာရိပုတ္တရာက ဝဋ်ဆင်းရဲကို ပိုင်းခြား၍ သိခြင်းအကျိုးငှါ ကျင့်သုံးအပ်ကြောင်း ဖြေဆိုဟောကြားတော်မူခြင်း ၂၃၄

(လမ်းကြောင်းရှိ,မရှိ စသည် မေးပုံ ဖြေပုံ နိဗ္ဗာနပဉ္ဉာသုတ်နှင့်တူသည်။)

၅-အဿာသပ္ပတ္တာသုတ်

၁၇၀။ အဘယ်မျှဖြင့် "သက်သာရာသို့ရောက်၏ သက်သာရာသို့ရောက်၏" ဟုဆိုအပ်ပါသနည်း ဟူသောအမေးကို ဖဿာယတနခြောက်ပါး တို့၏ ဖြစ်ခြင်း ပျက်ခြင်းစသည်ကို ဟုတ်တိုင်းမှန်စွာသိခြင်းဖြင့် သက်သာရာသို့ရောက်၏ ဟူ၍ ဆိုထိုက်ကြောင်း ဟောတော်မူခြင်း(မဂ္ဂါစသည် ရှေးသုတ်အတိုင်း) ....

၆-ပရမဿာသပ္ပတ္တာသုတ်

ပရမဿာသပ္ပတ္တာသုတ်၌ လွန်မြတ်သော သက်သာရာသို့ ရောက်၏ မှတပါး အားလုံးအဿာသပ္ပတ္တာသုတ်နှင့်တူ၏ ၂၃၄-၂၃၅

၇-ဝေဒနာပဉ္စာသုတ်

က-အာသဝပဉ္စာသုတ်

၁၇၁။ ဝေဒနာသုံးပါးကို ဝေဒနာဟုခေါ်ဆိုကြောင်းနှင့် အာသဝသုံးပါးကို အာသဝဟု ခေါ်ဆိုကြောင်း ဟောတော်မူခြင်း(မဂ္ဂါစသည်တူပြီ။) ....

ဂ-အဝိဇ္ဇာပဉ္စာသုတ်၌ သစ္စာလေးပါး၌ မသိခြင်း မောဟကို အဝိဇ္ဇာခေါ်ကြောင်း၊ ၁၀-တဏှာပဉ္စာသုတ်၌ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာသုံးပါးကို တဏှာခေါ်ကြောင်း၊ ၁၁-ဩဃပဉ္စာသုတ်၌ ဩဃလေးပါးကို ဩဃခေါ်ကြောင်း၊ ၁၂-ဥပါဒါနပဉ္စာသုတ်၌ ကာမုပါဒါန်စသော ဥပါဒါန်လေးပါးကို ဥပါဒါန်ခေါ်ကြောင်း၊ ၁၃-ဘဝပဉ္စာသုတ်၌ ကာမဘဝစသော ဘဝသုံးပါးကို ဘဝခေါ်ကြောင်း၊ ၁၄-ဒုက္ခပဉ္စာသုတ်၌ ဒုက္ခဒုက္ခတာ သင်္ခါရဒုက္ခတာ ဝိပရိဏာမဒုက္ခတာ သုံးမျိုးကို ဒုက္ခ ခေါ်ဆိုကြောင်းနှင့်၊ ၁၅-သက္ကာယပဉ္စာသုတ်၌ ဥပါဒါန်၏ အာရုံဖြစ်သော ရူပုပါဒါနက္ခန္ဓာစသော ခန္ဓာငါးပါးကို သက္ကာယခေါ်ဆိုကြောင်း ဟော တော်မူခြင်း ၂၄၆-၂၄၈

(မဂ္ဂါ-စသည် ရှေးသုတ်များနှင့်တူ၏)

၁-ဒုက္ခရပဉ္စာသုတ်

၁၇၂။ ဤသာသနာတော်၌ ရဟန်း၏အဖြစ်သည် ပြုနိုင်ခဲကြောင်း၊ ရဟန်းသည်လည်း မွေ့လျော်ခြင်းကို ပြုနိုင်ခဲကြောင်း၊ရဟန်းအဖြစ်၌ မွေ့လျော်သော ရဟန်းသည်လည်း လောကုတ္တရာတရားကိုးပါးအား လျော်သော အကျင့်ကို ကျင့်နိုင်ခဲကြောင်းနှင့် လောကုတ္တရာတရားကိုးပါးအား လျော်သော အကျင့်ကို ကျင့်သော ရဟန်းသည် မကြာမီ ရဟန္တာ ဖြစ်နိုင်ကြောင်း ဟောကြားတော်မူခြင်း ၂၄၈

၅-သာမဏ္ဍကသံယုတ်သည် ၎မ္မုခါဒကသံယုတ်နှင့်တူ၏ ....

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

မောဂ္ဂလ္လာနသံယုတ်

၁၆-ပဌမစျာနပဉ္ဇာသုတ်

၁၇၃။ အရှင်မောဂ္ဂလာန်သည် ဇေတဝန်ကျောင်းတော်၌ ပဌမစျာန်ကို ဝင်စား၍ စျာန်မှထသောအခါ နီဝရဏငါးပါးတို့ လွှမ်းမိုး နှိပ်စက်နေသောကြောင့် ဘုရားရှင်တန်ခိုးဖြင့် ကြွလာ၍ မောဂ္ဂလာန် ပဌမစျာန်၌ မမွေ့လျော့လေလင့်၊ ပဌမစျာန်၌ စိတ်တည်စေပါလော့၊ ကောင်းစွာ ထားပါလော့ ဟူသော သြဝါဒပေးသနားတော်မူ၍ တပါးသော အခါ၌ ဆက်လက်ပွါးများရာ ထူးမြတ်သော အဘိညာဏ် ရှိသည်၏ အဖြစ်သို့ ရောက်တော်မူပုံနှင့် မြတ်စွာဘုရားသည် ခြီးမြှောက်အပ်သော တပည့်သည် ထူးမြတ်သော အဘိညာဏ် ရှိသည်၏ အဖြစ်သို့ ရောက်၏ဟု ပြောဆို သူသည် တပည့်တော်ကို ကောင်းစွာပြောဆိုသည်မည်ကြောင်း အရှင်မောဂ္ဂလာန်က ရဟန်းတို့အား ဟောတော်မူခြင်း ၂၄၁-၂

(ဒုတိယစျာနပဉ္ဇာသုတ်မှစ၍ အနိမိတ္တပဉ္ဇာသုတ်တိုင်အောင် ရှစ်သုတ်သည် ပဌမစျာနပဉ္ဇာသုတ်နှင့် တူသည်) ....

၁၀-သက္ကသုတ်

၁၇၄။ အရှင်မောဂ္ဂလာန်သည် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ သိကြားမင်းနှင့်တကွ နတ်ဗြဟ္မာငါးရာ ခြောက်ရာ ခုနစ်ရာ ရှစ်ရာ ရဲစ်သောင်းတို့အား ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် နတ်ပြည်သို့ ရောက်ကြောင်း ဟောတော်မူရာ သိကြားမင်းက သာဓု အနုမောဒနာပြု လျက် ဟုတ်မှန်ကြောင်း ပြန်ကြားလျှောက်ထားပုံ ၂၄၅-၂၄၆

၁၇၅။ နောက်ထပ်တဖန် ရတနာ သုံးပါးတို့၏ အသီးသီးသော ဂုဏ်တော်တို့ကို မတုန်မလှုပ် သက်ဝင် ကြည်ညိုခြင်းနှင့် ပြည့်စုံသောသူ မကျိုး မပေါက် ကုန်သော အရိယကန္တ ဖြစ်သော ငါးပါးသီလနှင့် ပြည့်စုံ သူတို့သည် နတ်ပြည် ရောက်ကြောင်း ဟောကြားတော်မူပုံ ၂၄၇-၈

၁၇၆။ နောက်ထပ်တဖန် ရတနာသုံးပါးကို ဆည်းကပ်သောသူ ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့ကို မတုန်မလှုပ်သော ကြည်ညိုခြင်းနှင့်ပြည့်စုံသောသူ မကျိုး မပေါက်သော အရိယကန္တ ဖြစ်သော ငါးပါးသီလနှင့် ပြည့်စုံသောသူတို့ သည် နတ်ပြည်သို့ ရောက်၍ အခြားသော နတ်များထက် ဆယ်ပါးသော အကြောင်းတို့ဖြင့် သာလွန်၍ လွှမ်းမိုး ဖြစ်နိုင်ပုံကို ဟောတော်မူသော အခါ သိကြားမင်းက သာဓုခေါ်၍ ဟုတ်မှန်ပါကြောင်းပြန်ကြားလျှောက် ထားခြင်း ၂၄၉

(၁၁-စန္ဒနသုတ်သည် သက္ကသုတ်နှင့်တူသည်)။

၂-စိတ္တသံယုတ်

၁-သံယောဇနသုတ်

၁၇၇။ အခါတပါးဌ် များစ္ဓာသော မထေရ်ကြီးတို့သည် သံယောဇနံနှင့် သံယော-
ဇနီယာ ဟူသော တရားနှစ်ပါးတို့သည် အနက်အား ဖြင့်လည်း ထူး၏၊
သဒ္ဒါအား ဖြင့်လည်း ထူး၏ဟု အချို့က ပြောဆိုကြ၍ အချို့က တူသော
အနက်ရှိ၏၊ သဒ္ဒါမျှသည်သာ ထူး၏ဟု အချင်းချင်းမပြေမလည်ရှိနေကြစဉ်
စိတ္တသူကြွယ် ရောက်လာ၍ နွားနှစ်ကောင်ကို တချောင်းတည်းသော
ကြိုး ဖြင့် ချည်ထားသည့် ဥပမာကို ပြလျက် ပြေလည်အောင် ရှင်းလင်း
ဟောကြားပုံကို ဟောတော်မူခြင်း ၁၅၁-၁၅၃

၂-ပဌမကလိသုတ်

၁၇၈။ အခါတပါးဌ် စိတ္တသူကြွယ်သည် များစ္ဓာသောရဟန်းတို့ကို ဆွမ်းစား ပင့်၍
အဘယ်မျှလောက် ဖြင့် ဓာတ်တို့၏ ထူးသည်၏ အဖြစ်ကို မြတ်စ္ဓာဘုရား
သည် ဟောတော်မူအပ်ပါသနည်း ဟူသော ပြဿနာကို သုံးကြိမ်တိုင်
မေးလျှောက်၍ မထေရ်ကြီးများမ ဖြေနိုင်၍ ဆိတ်ဆိတ်နေရသည့်အဆုံးဌ်
အငယ်ဆုံး ဖြစ်သော ကလိဒတ္တက ခဲခြားစိတ်ဖြာ ဖြေကြားတော်မူသ ဖြင့်
စိတ္တသူကြွယ် အလွန်နှစ်သက်ပုံနှင့် မထေရ်ကြီးများက ကလိဒတ္တကို
ချီးကျူးတော်မူပုံ ၂၁၃-၂၁၅

၃-ဒုတိယကလိဒတ္တသုတ်ဌ် ဗြဟ္မဇာလသုတ်ဌ် ဟောတော်မူအပ်သော
ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ ဖြစ်ပုံ ပြဿနာကို မေးသည်သာ ထူး၏၊
အားလုံး ပဌမကလိဒတ္တနှင့် တူ၏ ၂၁၅-၂၁၇

၄-မဟာကပါဋိဟာရိယသုတ်

၁၇၉။ စိတ္တသူကြွယ် များစ္ဓာသောရဟန်းတို့ကို ဆွမ်းစား ပင့်ပုံ ....

၁၈၀။ ဆွမ်းစား ပြီး၍ ကျိုက်ကျိုက်ဆူ ပူလောင်နေသော နေပူထဲတွင် ပြန်ကြွသွား
ကြသော ရဟန်းများကို စိတ္တသူကြွယ်လိုက်ပို့ရာ လမ်းခရီးတွင် အငယ်ဆုံး
ဖြစ်သော မဟာကရဟန်းက လေအေးတိုက်စေ၍ မိုးတိမ်လွှာနှင့် တကွ
မိုးဖွဲဖွဲကလေး ရွာသွန်းနေအောင် တန်ခိုးဖန်ဆင်းပုံ ၂၁၈

၁၈၁။ မိမိတို့ကျောင်းသို့ အသီးအသီးရောက်ကြသော် စိတ္တသူကြွယ်သည် မဟာက
နေသော ကျောင်းသို့ လိုက်၍ တဖန် တန်ခိုးဖန်ဆင်း ပြတော်မူရန်
လျှောက်ထားသဖြင့် အံ့ဘွယ်သရဲ ထူးကဲသောတန်ခိုး ဖန်ဆင်း၍ ပြတော်
မူပုံ ၂၁၉

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၅-ပဌမကာမဘူသုတ်

၁၈၂။ အရှင်ကာမဘူသည် စိတ္တသူကြွယ်ကို "နေလင်္ဂါ ၊ပ၊ အဗန္ဓနံ" ဟူသော မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဂါထာပါဠိ၏ အနက်ကို အကျယ်အားဖြင့် အဘယ်ကဲ့သို့ မှတ်သားဘူးပါ သနည်း ဟူသော ပြဿနာအမေးကို အကျယ်တဝင့် ဖြေဆိုလျှောက်ထားသဖြင့် အရှင်ကာမဘူက စိတ္တသူကြွယ်ကို ချီးမွမ်းတော်မူပုံ ၂၅၉-၂၆၁

၆-ဒုတိယကာမဘူသုတ်

၁၈၃။ စိတ္တသူကြွယ်က အရှင်ကာမဘူကို သင်္ခါရတို့ မည်မျှ ရှိပါကုန်သနည်းဟု မေး၍ သင်္ခါရတို့ ကာယ ဝစီ စိတ္တ သင်္ခါရအားဖြင့် သုံးပါးရှိကြောင်း အရှင်ကာမဘူက ဖြေတော်မူပုံ ၂၆၁

၁၈၄။ ကာယသင်္ခါရ စသည်သည် အဘယ်ပါနည်း ဟု မေး၍ အရှင်ကာမဘူက ထွက်လေ ဝင်လေတို့သည် ကာယသင်္ခါရ၊ ဝိတက် ဝိစာရတို့သည် ဝစီသင်္ခါရ၊ သညာ ဝေဒနာသည် စိတ္တသင်္ခါရ မည်ကြောင်း ဖြေတော်မူပုံ ၂၆၁-၂၆၂

၁၈၅။ အဘယ်ကြောင့် ထွက်လေ ဝင်လေတို့သည် ကာယသင်္ခါရ စသည် မည်ပါသနည်း ဟု ထပ်မံမေးပြန်၍ အရှင်ကာမဘူက ထွက်လေ ဝင်လေ တို့သည် ကိုယ်၌ဖြစ်၍ ကိုယ်၌ မှီသောကြောင့် ထွက်လေ ဝင်လေတို့သည် ကာယသင်္ခါရမည်၏၊ ကြံစည် စူးစမ်းဆင်ခြင်၍ နောက်မှ စကားကို ဆိုရသောကြောင့် ဝိတက် ဝိစာရတို့သည် ဝစီသင်္ခါရ မည်၏၊ စိတ်၌ယှဉ် စိတ်ကိုမှီ၍ ဖြစ်သောကြောင့် သညာ ဝေဒနာတို့သည် စိတ္တသင်္ခါရမည်၏ဟု ဖြေကြားတော်မူပုံ ၂၆၂

၁၈၆။ အဘယ်သို့လျှင် နိရောဓသမာပတ်သည် ဖြစ်ပါသနည်း ဟု ထပ်မံ မေးပြန်၍ နိရောဓသမာပတ် ဝင်စားသူ၏ ငါ ဝင်စားအံ့, ဝင်စားဆဲ, ဝင်စားပြီး ဟု အကြံမဖြစ်ပဲ နိရောဓသမာပတ်ကို မဝင်စားမီ ရှေးအဘို့က အကြင် စိတ်သည် ထိုပုဂ္ဂိုလ်ကို နိရောဓသမာပတ်အကျိုးငှါ ရှေးရှု ဆောင်တိုင်းသော အခြင်းအရာအားဖြင့် ပွါးစေအပ်သည်ဖြစ်၏ဟု ဖြေတော်မူပုံ ၂၆၂

၁၈၇။ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်အား အဘယ် သင်္ခါရသည် ရှေးဦးစွာ ချုပ်ပါသနည်း ဟူသော အမေးကို ဝစီသင်္ခါရသည် ရှေးဦးစွာ ချုပ်၏ဟု ဖြေတော်မူပုံ ၂၆၃

၁၈၈။ သေသောသူနှင့် နိရောဓသမာပတ် ဝင်စားသူတို့၏ ထူးခြားချက်ကို မေးပြန်၍ သေသောသူမှာ ကာယသင်္ခါရ စသော သင်္ခါရ သုံးပါး ရုပ်ဇီဝိတိန္ဒြေ ကမ္မဇတေဇောဓာတ်တို့ ချုပ်ငြိမ်း၍ စက္ခု စသော ဣန္ဒြေတို့ ဖရိုဖရဲ ပျက်စီး၏၊ နိရောဓသမာပတ် ဝင်စားသူမှာ သင်္ခါရ သုံးပါးသာ ချုပ်၍ ရုပ်ဇီဝိတိန္ဒြေ

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

မကုန်၊ ကမ္မဇတေဇောဓာတ် မငြိမ်း၊ စက္ခု စသော ဣန္ဒြေတို့ အထူး
ကြည်လင်၏၊ ဤသို့လျှင် ထူးခြားကြောင်း ဖြေတော်မူပုံ ၂၆၃

၁၈၉။ အဘယ်သို့လျှင် နိရောဓသမာပတ်မှ ထခြင်း ဖြစ်ပါသနည်း ဟူသော အမေး
ကို ထိုပုဂ္ဂိုလ်၏ နိရောဓသမာပတ်ကို မဝင်စားမီက အကြင်စိတ်သည်
နိရောဓသမာပတ် အကျိုးငှါ ထိုသူကို ရှေးရှုဆောင်၏၊ ထိုဆောင်တိုင်း
သော အခြင်းအရာအားဖြင့် ပဋိစ္စသမုပ္ပါဒ်သည်သာလျှင် ဖြစ်ကြောင်း
ဖြေတော်မူပုံ ၂၆၃

၁၉၀။ နိရောဓသမာပတ်မှ ထသော ပုဂ္ဂိုလ်အား အဘယ် သဒ္ဒါရုံသည် ရှေးဦးစွာ
ဖြစ်ပါသနည်း ဟူသော အမေးကို စိတ္တသဒ္ဒါရုံသည် ရှေးဦးစွာဖြစ်၍
ထိုနောက် ကာယသင်္ခါရ ဝစီသင်္ခါရတို့ ဖြစ်ပုံကို ဖြေဆိုတော်မူခြင်း ၂၆၄

၁၉၁။ နိရောဓသမာပတ်မှ ထသော ပုဂ္ဂိုလ်သို့ အဘယ်မျှသော ဖဿတို့ တွေ့ထိကုန်
သနည်း ဟူသော အမေးကို သုညတဖဿ အနိမိတ္တဖဿ အပ္ပဏိဟိတဖဿ
သုံးပါးတို့ တွေ့ထိကြောင်း ဖြေတော်မူပုံနှင့် သုညတဖဿ မည်ပုံ ဌ-ဋ္ဌီ တို့နှင့်
အညီ ရှင်းပြပုံ ၂၆၄

၁၉၂။ နိရောဓသမာပတ်မှ ထသော သူ၏ စိတ်သည် အဘယ်၌ ညွတ်ကိုင်းပါသနည်း
ဟူသော အမေးကို နိဗ္ဗာန်၌ ညွတ်ကိုင်းကြောင်း ဖြေတော်မူပုံ ၂၆၄

၁၉၃။ နိရောဓသမာပတ်အား အဘယ်မျှသော တရားတို့သည် များစွာသော
ကျေးဇူးပြုပါသနည်းဟူသော အမေးကို သမထနှင့် ဝိပဿနာတရား
နှစ်ပါးတို့ များစွာ ကျေးဇူးပြုကြောင်း ဟောတော်မူ၍ စိတ္တသုကြွယ်
ဝမ်းမြောက်ပုံ ၂၆၄

၇-ဂေါဒတ္တသုတ်

၁၉၄။ အရှင်ဂေါဒတ္တသည် စိတ္တသူကြွယ်ကို အပ္ပမာဏာ စေတော ဝိမုတ္တိ စသည်
တို့သည် ထူးသောအနက် ထူးသောသဒ္ဒါ သို့မဟုတ် တူသောအနက်
ထူးသောသဒ္ဒါသာ ရှိပါသလောဟု မေး၍ အကြောင်းကိုစွဲ၍ ထူးသော
အနက် ထူးသောသဒ္ဒါ တူသောအနက် ထူးသောသဒ္ဒါသာရှိပုံ အကျဉ်း
ဖြေပုံ ....

၁၉၅။ ဗြဟ္မဝိဟာရတရားလေးပါးကို အတိုင်းအရှည်မရှိ ပဋိများခြင်းဟူသော
အကြောင်းကိုစွဲ၍ အပ္ပမာဏာ စေတော ဝိမုတ္တိမည်ကြောင်း ....

အာကိဉ္စညာယတနစျာန်ကို ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်၍
စိုးစဉ်းမျှ ဘင်ကြွင်းမရှိသောအားဖြင့် ပဋိများ၍ အာကိဉ္စညာယတန
စျာန်ကို ပြည့်စုံစေ၍ နေခြင်းဟူသော အကြောင်းကိုစွဲ၍ အာကိဉ္စညာ
စေတော ဝိမုတ္တိမည်ကြောင်း ....

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

မဂ္ဂဖလသမာဓိကို ဆိတ်ငြိမ်ရာ စသည်သို့ကပ်၍ "ဤ တေဘူမက သခ်ါရတရားအပေါင်းသည် ၎ါ သူတပါး ယောဂျီး မိမှတ် ဆိုအပ်သော အတ္တမှုၚ်း, သက်နှ်း သပိတ်စသော အတ္တ၏ဥစ္စာမှုၚ်း ဆိတ်၏ဟု ဆင်ခြင်၍ နေခြင်းဟူသော အကြောင်းကိုစဲ့၍ သုညတစေတောဝိမုတ္တိမည်ကြောင်း

(အရဟတ္တဖလသမာဓိကို ရာဂစသည်ဖြစ်ဖွယ် နိမိတ်အာရုံမရှိသော အားဖြင့် ပွါး၍ အရဟတ္တဖိုလ်သမာဓိကို ပြည့်စုံစေ၍ နေခြင်းဟူသော အကြောင်းကိုစဲ့၍ အနိမိတ္တာစေတောဝိမုတ္တိမည်ကြောင်း) ....

(ဤ အကြောင်းများကိုစဲ့၍ အနက်သူး သဒ္ဒါလည်းထူးပုံအကျယ် ဟောခြင်း) ၂၆၅-၂၆၆

၁၉၆။ အရဟတ္တဖလသမာဓိကို အတိုင်းအရှည်ကို ပြုတတ်သော ရာဂစသည်တို့ကို အကြွင်းမဲ့ ပယ်သတ်အပ်ပြီး စသော အကြောင်းကိုစဲ့၍ အပ္ပမာဏာ စေတောဝိမုတ္တိမည်ကြောင်း ....

ရာဂစသည်တို့မှ ကင်းဆိတ်ခြင်းဟူသော အကြောင်းကိုစဲ့၍ သုညတာ စေတောဝိမုတ္တိမည်ကြောင်း ....

နှိပ်စက်တတ်သော ရာဂစသည်တို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်းဟူသော အကြောင်းကိုစဲ့၍ အာကိဉ္စညာစေတောဝိမုတ္တိမည်ကြောင်း သိကြောင်း အမှတ်နိမိတ်ကို ပြုတတ်သော ရာဂစသည်တို့ကို အကြွင်းမဲ့ ပယ်သတ် အပ်ကုန်ပြီးဟူသော အကြောင်းကိုစဲ့၍ အနိမိတ္တာစေတောဝိမုတ္တိမည် ကြောင်း ဤသို့သော အကြောင်းကိုစဲ့၍ ထူးသောအနက်ရှိ၍ သဒ္ဒါ သာလျှင် ထူးကြောင်း အကျယ်ရှင်းပြ၍ အရှင်ဂေါဒတ္တသည် စိတ္တ သူကြွယ်ကို အလွန်အကြူး အထူးချီးမွမ်းပုံ ၂၆၆-၂၆၇

ဂ-နိဂဏ္ဌနာဋပုတ္တသုတ်

၁၉၇။ နိဂဏ္ဌတက္ကတွန်းသည် စိတ္တသူကြွယ်ကို ရဟန်းဂေါတမ၏ ဝိတက် ဝိစာရ မရှိသော သမာဓိရှိ၏၊ ဝိတက် ဝိစာရတို့၏ ချုပ်ခြင်းရှိ၏ဟု သင်ယုံကြည် ပါသလောဟူသော အမေးကို စိတ္တသူကြွယ်က မြတ်စွာဘုရား၌ ယုံကြည် သဖြင့် ဝိတက် ဝိစာရမရှိသော သမာဓိရှိ၏၊ ဝိတက် ဝိစာရတို့၏ ချုပ်ခြင်း ရှိ၏ဟူ၍ သူမသိကြောင်း ဖြေကြားပုံ ၂၆၈

၁၉၈။ ၎င်းနောက် နိဂဏ္ဌသည် ဝိတက် ဝိစာရတို့ကို ချုပ်စေအပ်၏ဟူ၍ အောက်မေ့ မှတ်ထင်သူသည် ပိုက်ကွန်ဖြင့် လေကို တားမြစ်အပ်၏ဟူ၍ အောက်မေ့ မှတ်ထင်သောသူစသည်တို့ကဲ့သို့ဖြစ်ကြောင်း ပြန်ပြောပုံ.... .... ၂၆၈

၁၉၉။ ထိုနောက် စိတ္တသူကြွယ်က ဉာဏ်နှင့်သဒ္ဒါနှစ်ပါးတို့တွင် အာဘယ်တရားသည် အထူးသဖြင့် မြတ်ပါသနည်းဟု မေး၍ နိဂဏ္ဌက ဉာဏ်သည်သာလျှင် အထူးသဖြင့် မြတ်ကြောင်း ဖြေကြားပုံ ၂၆၈-၂၆၉

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၂၀၀။ ကျွန်ုပ် အလိုရှိသမျှကာလပတ်လုံး စျာန်လေးပါးလုံးကို ဝင်စားနိုင်သည်ကို သိရသောကြောင့် ကျွန်ုပ်မှတပါး မည်သည့် ရဟန်း ပုဏ္ဏားဌ်မျှ ယုံကြည်သဖြင့် ဝိတက် ဝိစာရမရှိသော သမာဓိ ရှိ၏၊ ဝိတက် ဝိစာရတို့၏ ချုပ်ခြင်းရှိ၏ဟူ၍ မသိကြောင်း ဖြေကြားပုံနှင့် နိဂဏ္ဌကို ရွေနောက်စကား နှစ်ရပ်မညီကြောင်းအပြစ်တင်လျက် အကြောင်းနှင့် တကွ ဖြစ်ကုန်သော ဆယ်ပါးသောပြဿနာတို့ကို အရှင်ဘုရား သိသောအခါ၌ ကျွန်ုပ်ထံသို့ နိဂဏ္ဌပရိသတ်နှင့်လာရောက်ရန်ပြော၍ ဆယ်ပါးသောပြဿနာတို့ကိုမေးပုံ ၂၆၉

၉-အစေလကဿပသုတ်

၂၀၁။ စိတ္တသူကြွယ်သည် လူအဖြစ်က အဆွေခင်ပွန်းဖြစ်ခဲ့ဘူးသော အစေလကဿပ လာရောက်ကြောင်း သတင်းကြားရ၍ သွားပြီးလျှင် အဝတ်မဝတ်သော အစေလကဿပကို ရဟန်းပြုခြင်းသည် အဘယ်မျှ ကြာမြင့်ပါပြီလဲ၊ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တစုံတခုသော တရားထူးရပါပြီလော-ဟု မေးသောအခါ အစေလကဿပက ရဟန်းပြုဒါ အနှစ်သုံးဆယ်ရှိပါပြီ၊ အဝတ်မစည်း ဦးပြည်းသည်၏အဖြစ် မြေ၌ ကပ်ငြိသော မြေမှုံစသည်ကို ဥဒေါင်းမြီးစည်းဖြင့် ခါခြင်းမှတပါး တရားထူးမရရှိကြောင်း ပြောပုံ ၂၇၀

၂၀၂။ သင် စိတ္တသူကြွယ်ကော ဥပါသကာ၏အဖြစ်သို့ကပ်ရောက်ခြင်းသည် အဘယ်မျှ ရှိပါပြီနည်း၊ တစုံတခုသောတရားထူးမျှား ရပါပြီလောဟုမေး၍ စိတ္တသူကြွယ်က ဥပါသကာ၏အဖြစ်သို့ ကပ်ရောက်ခြင်းသည် အနှစ် သုံးဆယ် ရှိပြီဖြစ်၍ အလိုရှိတိုင်း စျာန်ဝင်စားနိုင်သော ကာမဘုံသို့ မလာသော အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ကြောင်း ပြန်ပြောပုံ ၂၇၁

၂၀၃။ ထိုအခါ အစေလကဿပက ကောင်းစွာ ဟောကြားအပ်သော တရားတော်သည် အံ့သြဘွယ်ရှိပေစွ၊ အဝတ်ဖြူဝတ်သောလူသော်မှလည်း တရားထူးကို ရဘိတုံသေး၏၊ ငါသည်လည်း ဤမြတ်စွာဘုရား၏ သာသနာတော်၌ ရှင်ရဟန်းအဖြစ်ကို ရလိုပါ၏ဟု ပြန်ပြောပုံ ၂၇၁

၂၀၄။ စိတ္တသူကြွယ်က အစေလကဿပကို ရဟန်းများအထံသို့ ခေါ်ဆောင်သွားပြီး ရဟန်းများအား အစေလကဿပကို ရှင်ရဟန်းပြုပေးပါရန် လျှောက်ထားပုံနှင့် ရဟန်းပြုပြီးသော် သတိဝိရိယဖြင့် မနားမနေ ကြိုးစားမှုကြောင့် မကြာမီ ရဟန္တာဖြစ်သွားပုံကို ဟောတော်မူခြင်း ၂၇၂

၁၀-ဂိလာနဒဿနသုတ်

၂၀၅။ စိတ္တသူကြွယ် ပြင်းထန်စွာ ရောဂါဝေဒနာ ခံစားနေစဉ် အရာမ်စောင့်နတ် အစရှိသော နတ်အပေါင်းတို့သည် လာရောက်ကြကုန်၍ တမလွန်ဘဝ၌

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

စကြာမင်းဖြစ်ရန် တောင့်တပါလော့ဟု ပြောဆိုကြသဖြင့် စိတ္တသူကြွယ်က စကြာမင်း၏အဖြစ်သည်လည်း အမြဲမရှိ၊ ပယ်စွန့်၍သွားရမည်သာတည်း ဟု ပြန်ပြောသံ လူနာစောင့် ဆွေမျိုးစသည်တို့ ကြားရ၍ လူနာစောင့် ဆွေမျိုးတို့က အရှင်သား သတိထားပါ မမြည်ဘမ်း မယောင်ယမ်းပါနဲ့ဟု စိတ္တသူကြွယ်ကို ပြောကြပုံ ၂၇၂-၂၇၃

၂၀၆။ ထိုအခါ စိတ္တသူကြွယ်က ငါသည် မြည်တမ်း ယောင်ယမ်းနေသည်မဟုတ်၊ နတ်များက ငါ့ကို စကြာမင်းအဖြစ် တောင့်တပါဟု လာရောက်ပြောနေကြ၍ ထိုဟာသည် မမြဲ ပယ်စွန့်၍သွားရမည်ဟု ပြန်ပြောခြင်းသာ ဖြစ်ကြောင်း ပြောပြပုံ ၂၇၃

၂၀၇။ ဒီလိုဆိုလျှင် ငါတို့ကိုလည်း ဆုံးမပါလော့ဟု ဆွေမျိုးများကပြော၍ စိတ္တသူကြွယ်သည် ဆွေမျိုးများအား ရတနာသုံးပါး၌ မတုန်မလှုပ်သော သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံစေရန် အလုံးစုံသောလှူဘွယ်ဝတ္ထုပစ္စည်းတို့ကို သီလနှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်မြတ်တို့နှင့်အတူတကွ မခွဲခြားကြပဲ သုံးဆောင်ကြရန် အဆုံးအမပေးပြီးနောက် သေလွန်သွားပုံ ဟောတော်မူခြင်း ၂၇၃-၂၇၅

ဂ-ဂါမဏိသံယုတ်

၁-စက္ကသုတ်

၂၀၈။ စက္ကာအမည်ရှိသော ရွာသူကြီးသည် မြတ်စွာဘုရားကို အဘယ်အကြောင်းကြောင့် ကြမ်းတန်းသော သူ ကြမ်းတန်းသော သူ ကောင်းသောအမှုဌ် မွေ့လျော်တတ်သော သူ ကောင်းသောအမှုဌ် မွေ့လျော်တတ်သော သူဟူ၍ ခေါ်ဆိုရကြောင်း မေးလျှောက်သဖြင့် ဘုရားရှင်က....ရာဂစသည်တို့ကို မပယ်အပ်သေးသော သူသည် သူတပါးတို့ကိုလည်း အမျက်ထွက်စေတတ်, မိမိသည်လည်း အမျက်ကို ထင်ရှားပြုတတ်သောကြောင့် ကြမ်းတန်းသူ ကြမ်းတန်းသူဟူ၍ ခေါ်ဆိုရကြောင်း၊ ရာဂစသည်တို့ကို ပယ်သတ်ပြီးသူ သည် သူတပါးတို့ကိုလည်း အမျက်မထွက်စေတတ် မိမိသည်လည်း အမျက်ကိုထင်ရှား မပြုတတ်ခြင်းဟူသော အကြောင်းကြောင့် ကောင်းသော အမှုဌ် မွေ့လျော်သော သူ ကောင်းသောအမှုဌ် မွေ့လျော်သော သူဟူ၍ ခေါ်ဆိုရကြောင်း မိန့်တော်မူပုံ ၂၇၅

ထိုအခါ စက္ကရွာသူကြီး အလွန်ကျေနပ်နှစ်သက်ပြီးသကာလ အသက်ထက်ဆုံး ရတနာသုံးပါးတို့၌ ဆည်းကပ်တတ်သော ဥပါသကာဖြစ်သွားပုံ ၂၇၅

၂-တာလပုဋ္ဌသုတ်

၂၀၉။ ကချေသည်တို့၏ အကြီးအမှူးတာလပုဋ္ဌသည် ကချေသည် (ဇာတ်သမား) သည် သေပြီးနောက် ပဟာသဒ္ဒးမည်ရှိသော နတ်ဖြစ်၏ဟု ရှေးရှေးဆရာ စဉ်ဆက် ဇာတ်သမားတို့၏ ပြောဆိုသံကိုကြားဘူး၍ မှန်မမှန် မြတ်စွာ ဘုရားကို မေးလျှောက်ပုံ ....

၂၁၀။ မြတ်စွာဘုရားက ဤပြဿနာကို မမေးရန် တားသော်လဲ ၃-ကြိမ်ထပ်မေး သဖြင့် ဇာတ်သမားသေပြီးနောက် ပဟာသမည်သော နတ်မဖြစ်၊ ပဟာသ မည်သော ငရဲ၌ဖြစ်ကြောင်း ပဟာသနတ်ဖြစ်၏ဟူသော ရှေးဆရာ စဉ် ဆက်များ၏အယူအဆသည် မှားသောအယူအဆဖြစ်၍ မှားသောအယူ ရှိသူသည် သေပြီးနောက် ငရဲတိရစ္ဆာန်နှစ်မျိုးတွင် တမျိုးမျိုး၌ ဖြစ်ရ မည်ဖြစ်ကြောင်း ဟောကြားတော်မူပုံ ၂၇၇

၂၁၁။ ထိုနောက် ဇာတ်ဆရာကြီးသည် ရှေးရှေးသောဆရာ့ဆရာ အဆက်ဆက်တို့၏ လှည့်ပတ်လိမ်လည်ပြောဆိုခံခဲ့ရမှုကြောင့် ဝမ်းနည်းပက်လက် မျက်ရည် များထွက်ပြီးနောက် မြတ်စွာဘုရားထံ ရှင်ရဟန်းအဖြစ်ကို တောင်းပန်၍ ရဟန်းပြုပြီးသော် မကြာမီ ရဟန္တာဖြစ်သွားပုံကို ဟောတော်မူခြင်း ၂၇၇-၈

၃-ယောဓာဇီဝသုတ်

၂၁၂။ ယောဓာဇီဝအမည်ရှိသော စစ်သူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ “စစ်တိုက်ခိုက်သူသည် သေပြီးနောက် ပရဇိတအမည်ရှိသော နတ်ပြည်သို့ ရောက်ကြောင်း” ရှေးရှေး ဆရာ့ဆရာ အဆက်ဆက်တို့ ပြောဆိုသော စကား မှန်,မမှန် မေးလျှောက်ပုံ ၂၇၈

(ကြွင်း-တာလပုဋ္ဌသုတ်နှင့်တူပြီ နာမည်မျှထူး၏)

၄-ဟတ္ထာရောဟသုတ်

၅-အဿာရောဟသုတ်

(ယောဓာဇီဝသုတ်နှင့်တူပြီ၊ နာမည်မျှထူး၏)

၆-အသိဗန္ဓကပုတ္တသုတ်

၂၁၃။ အသိဗန္ဓက၏သားဖြစ်သော ရှာသူကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ပစ္စန္တရာဇ်အရပ် မှော်ပန်းကိုပန် ရေကရားကိုဆောင် ညအခါရေသို့ဆင်း မီးကိုလုပ်ကျွေးတတ်ကုန်သော ပုဏ္ဏားတို့သည် သေသူကို နတ်ပြည်သို့ ရောက်အောင် ပြုလုပ်တတ်ကုန်၏၊ အရှင်ဘုရားလည်း ထိုသို့ပြုခြင်းငှါ စွမ်းနိုင်ပါသလောဟု လျှောက်ထားပုံ ၂၇၉

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၂၁၄။ မြတ်စွာဘုရားက ကျောက်ဖျာကြီးကို ရေအိုင်၌ချုံ၍ လူများအပေါင်း စုဝေးကာ "အို-ကျောက်ဖျာကြီး ပေါ်ပါလေ့ ကုန်းထက်သို့တက်ပါလေ့"ဟု တောင်းပန်ခြင်းစသော အကြောင်းကြောင့် ကျောက်ဖျာမပေါ် ကုန်းပေါ်မတက်သလို ထိုအတူ ပါဏာတိပါတစသော ဒုစရိုက်မှုများ ပြုသောသူကို သေပြီးနောက် လူအများလာရောက်၍ နတ်ပြည်သို့ရောက်ပါစေလော့ဟု လက်အုပ်ချီတောင်းပန်ခြင်း အကြောင်းကြောင့် နတ်ပြည်မရောက်နိုင်ပုံနှင့် ထောပတ်အိုးစသည်ကို နက်စွာသော ရေအိုင်သို့သက်ဆင်း၍ ခဲ့လိုက်သော် အိုးခြမ်းကဲ့စသည်သည် ရေအောက်မြုပ်၍ ထောပတ်စသည်သည် ရေအထက်ပေါ်နေသည်ကို လူအများစုဝေးပြီးလျှင် "အို-ထောပတ် နစ်မြုပ်ပါလေ့" စသည်ဖြင့် တောင်းပန်ပြောဆိုခြင်း အကြောင်းကြောင့် မနစ်မြုပ်ရုံသကဲ့သို့ ထိုအတူ ပါဏာတိပါတစသော ဒုစရိုက်မှုမပြုသောသူကို သေသည်မှနောက်၌ ကျိုသူသည် ငရဲသို့လားပါစေလော့ ဟု လူအများစုဝေးလာရောက်ပြီး တောင်းပန်ပြောဆိုခြင်းဟူသော အကြောင်းကြောင့် ငရဲသို့မလား မရောက်နိုင်ကြောင်း ဟော တော်မူခြင်း ၂၀၁-၁

၇-ဧတ္တ။ ပမသုတ်

၂၁၅။ အသိဗန္ဓုက၏သားဖြစ်သော ရွာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားသည် အဘယ်ကြောင့် အခွါသောသတ္တဝါတို့အား ရိုသေစွာတရားကိုဟော၍ အခွါသောသတ္တဝါတို့အား ရိုသေစွာ တရားကို ဟော တော်မမူပါသနည်း ဟု လျှောက်ပုံ ၂၀၀

၂၁၆။ မြတ်စွာဘုရားက မြေသုံးမျိုးသုံးစား ဥပမာပြ၍အကောင်းဆုံးဖြစ်သောမြေ, အလယ်အလတ်ဖြစ်သော မြေကွက်တို့၌ အစဉ်အတိုင်း ရှေးဦးစွာမျိုးစေ့များကြဲချကြရသလို မြေကွက်ကောင်းနှင့်တူသော ရဟန်းပရိသတ်နှင့် မြေကွက် အလယ်အလတ်နှင့် တူသော ဥပါသကာ ဥပါသိကာတို့သည် ငါဘုရားလျှင် ပုန်းအောင်းရာ ကိုးကွယ်ရာရှိကုန်သည်၏ အဖြစ်ကြောင့် တရားဟောရပုံနှင့် မြေကွက်ညံ့နှင့်တူသော သာသနာတော်မှတပါးသော အယူရှိကုန်သော ရဟန်းပုဏ္ဏား ပရိဗိုဇ်တို့အားလည်း (မြေကွက်ညံ့၌ နွားစာအလို့ငှါပဲ ရရ-ဟူသော သဘောဖြင့် မျိုးစေ့ကြဲချရသလို) ငါဘုရားဟောတော်မူသော တရား၏ တပုဒ်တပါဒမျှကို သိကာမျှနှင့်ပင် ထိုသူတို့အား ရှည်စွာသောကာလပတ်လုံး အကျိုးစီးပွါးဖြစ်လတ္တံ့ဟု ရည်ရွယ်လျက် ဟောတော်မူပုံ ၂၀၂-၃

တဖန် အပေါက်မရှိသော ယိုစိမ့်စီးဆင်းခြင်းမရှိသော အိုးနှင့်တူသော ရဟန်းပရိသတ် အပေါက်မရှိသော ယိုစိမ့်စီးဆင်းတတ်သော အိုးနှင့်တူသော ဥပါသကာ ဥပါသိကာတို့သည် ငါဘုရားလျှင် ပုန်းအောင်းရာ

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

ကိုးကွယ်ရာ ရှိသောကြောင့် ဟောတော်မူရပုံနှင့်၊ အပေါက် ရှိသော ယိုစိမ့်စီးဆင်းတတ်သော အိုးနှင့်တူသော သာသနာတော်မှ တပါးသော အယူရှိကြကုန်သော ရဟန်းပုဏ္ဏား ပရိဗိုဇ်တို့အား လည်း အိုးပေါက် အိုးယိုဌ် အိုးခွက်ဘဏ္ဍာ ဆေးရေ မျှသော်လည်း ရရာ၏ဟု သဘောပိုက် လျက် ရေကိုထည့်ကြကုန်သကဲ့သို့ ထို့အတူ ထိုသူတို့အား လည်း ငါဘုရား ဟောတော်မူအပ်သော တရားတော်၏ တပုဒ်တပါဒမျှကို သိကာမျှနှင့်ပင် ရှည်မြင့်စွာ အကျိုးစီးပွါး ဖြစ်လတ္တံ့ဟု ရည်ရွယ်လျက် ဟောတော်မူရပုံကို အကျယ်တဝင့် ဟောတော်မူခြင်း ၂၀၃-၂၀၄

ဂ-သစ်ဓမသုတ်

၂၁၇။ အသိဗန္ဓက၏သား နိဂဏ္ဌ၏ တပည့် ရှာသူကြီးသည် မြတ်စွာဘုရားအား နိဂဏ္ဌဆရာကြီးသည် အကြင်မကောင်းမှုကံကို မျှားစွဲပြု၏၊ ထိုမျှားစွဲပြုလုပ်သော မကောင်းမှုကံသည် အပါယ်ငရဲသို့ ဆောင်အပ်၏ဟု တပည့် မျှားအား တရားဟောကြောင်းလျှောက်သဖြင့် ဤသို့ ဟောကြားသော် အပါယ်ငရဲသို့လားလတ္တံ့ သူမရှိလတ္တံ့ဟု မြတ်စွာဘုရားက ပြန်ပြောပုံ ၂၀၄

၂၁၈။ မြတ်စွာဘုရားက ရှာသူကြီးအား ဒုစရိုက်မှုကို ပြုလုပ်သော အချိန်နှင့် မပြုလုပ်သော အချိန်နှစ်မျိုးတွင် မည်သည့် အချိန်အခါသည် များပြား ပါသနည်းဟု မေးရာ ဒုစရိုက်မှုမပြုလုပ်သော အချိန်အခါကမျှားကြောင်း လျှောက်ထားသဖြင့် ယင်းသို့ဖြစ်သော် နိဂဏ္ဌဆရာကြီး၏ စကားကဲ့သို့ အပါယ်ငရဲလားမည်သူ မရှိကြောင်း ပြန်ပြောပုံ ၂၀၅

၂၁၉။ တပည့် မည်သည် မိမိတို့၏ ဆရာအပေါ်၌ အလွန် ကြည်ညိုမြဲ ဖြစ်သည် အားလျော်စွာ "ငါ၏ဆရာသည် ဤသို့ ဟောလေ့ရှိ၏၊ ငါသည်လည်း ဒုစရိုက်မှုကျူးလွန်ဆားသူဖြစ်၍ အပါယ်ငရဲသို့ ရောက်ရလတ္တံ့" ဟူသော အယူသည်ဖြစ်တော့၏၊ ထိုအယူ ထိုစိတ်ကို မပယ်မစွန့်နိုင်ခဲ့သော် မိမိပြုမိ ခဲ့ဘူးသော အကုသိုလ်ကံသည် ရှေးရှုဆောင်၍ ချထားဘိ သကဲ့သို့ အပါယ်ငရဲ၌ ချထားအပ်ကြောင်း ဘုရားရှင်ဟောတော်မူပုံ ၂၀၅

၂၂၀။ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော ဘုရားရှင်သည် ဒုစရိုက်မှုပြုခြင်းမှ ရှောင်ကြဉ်ရန်ဟောတော်မူ၏၊ ထိုဒုစရိုက်မှုကို တပါးမကမျှားသောအကြောင်းဖြင့် ကဲ့ရဲ့တော်မူ၏၊ ငါသည်လည်း ပြုလုပ်မိခဲ့ပြီ၊ ထိုဒုစရိုက်မှုကို ပြုလုပ်ခြင်းသည် လုံးဝမကောင်း နှလုံးမသာယာခြင်းသာ ဖြစ်ရပေစ္ဥ နောင်၌ မပြုအံ့ဟုဆင်ခြင်၍ ဒုစရိုက်မှုကို ပယ်စွန့်တော့၏၊ လွန်မြောက်လေတော့၏၊ မိစ္ဆာအယူပယ်၍ သမ္မာအယူ ဖြစ်ပြီးလျှင် ခွန်အားဗလနှင့် ပြည့်စုံသော ခရုသင်းမှုတ်သူသည် ဆင်းရဲခြင်း မရှိပဲ မှုတ်လျက် အရပ် လေးမျက်နှာ ကြားသိစေနိုင်သကဲ့သို့ ထို့အတူ ထိုသူသည်လည်း ကြိမ်ဖန်များစွာ ပြုအပ်

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

သော စိတ်၏ ဆန့်ကျင်ဘက်ဖြစ်သော ဗျာပါဒ စသည်မှ လွတ်ကြောင်း ဖြစ်သော မေတ္တာစသောစျာန်ဖြင့် ဗြဟ္မာ့ဘုံသို့ဆောင်မည်ဖြစ်ကြောင်း ဘုရားရှင် ဟောတော်မူပုံ ....

(တဿ ဝိပါကံ ပဋိဗာဟိတ္တာ သယမေဝ ဗြဟ္မသဟဗျတံ ဥပနေတီတိ၊ သံ ၎-၃-၁၄၃)

၉-ကုလသုတ်

